ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက်၊ အင်္ဂါနေ့၊ (8-7-2003) (၃၉၂၅)

ယနေ့ထုတ်စောင်ရေ ၂၂၄၂၅၉

ဒွန္တိ စ တော် မင်္ဂလ မုတ္တမံ။ — သည်းခံခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဘိုးဘွားအမွေအနှစ် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ရေး ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ပြားများရန်လေ့ကျင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ကို အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ဖြစ်ထွန်းလာအောင် တည်ငြိမ်ခိုင်မာစွာ တည်ဆောက်နိုင်ရေးအတွက် ကိုယ်ပိုင်အမျိုးသားရေးစွမ်းအား အခိုင်အမာတည်ဆောက်

ရန်ကုန် ဇူလိုင် ၇

ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်း အခမ်းအနားကို ဇူလိုင် ၆ရက် ညနေ ၃နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ရတနာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းဆင်း အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ် ဗိုလ်မှူးကြီး အောင်ဆန်းဝင်း၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနကြီးမှူးများ၊ နည်းပြများနှင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါလို နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍများအားလုံးတွင် အသိပညာ၊ နည်းပညာများက ပင်မ မဏ္ဍိုင်နေရာကနေ လွှမ်းမိုးကြီးစိုးလာသည့် ပညာခေတ်အချိန်အခါကာလမှာ ပညာရေးကဏ္ဍ၏ လုပ်ငန်းတာဝန်များသည် ကျောင်းသူ၊ ကျောင်းသားများ၏ ဘဝရှေ့ရေးတိုးတက်ရန်အတွက်သာမက ခေတ်မီတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက်ပါ ကြိုတင်ပြင်ဆင်ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပေးရန် တာဝန်ရှိသည်ဟု ဆရာ၊ ဆရာမများအားလုံးက ခံယူထားကြရန် လိုအပ်သည်ဟု ပထမဦးစွာ ပြောကြားလိုကြောင်း။

ထို့ကြောင့် ပညာရေး၏အခန်းကဏ္ဍ ပိုမိုကျယ်ဝန်းနက်ရှိုင်းပြီး အရေးပါလာလျက်ရှိသည့်အချိန်အခါတွင် ဆရာ၊ ဆရာမများ အနေဖြင့်လည်း မိမိတို့၏ တပည့်ကျောင်းသူ၊ ကျောင်းသားလူငယ်များကို စာပေပညာသင်ကြားပေးနိုင်ရန်ထက် ပိုမိုကြီးမားကျယ်ပြန့်သော တစ်မျိုးသားလုံး ပညာရည်မြင့်မားရေးဆိုသည့် အမျိုးသားရေးရည်မှန်းချက် ပြည့်မြောက်အောင်မြင်ရေး တာဝန်ကြီးကိုပါ ပညာရေးကဏ္ဍကနေပြီး ကျေပွန်စွာ ဖြည့်စွမ်းထမ်းဆောင်သွားကြပါဟု အလေးအနက်မှာကြားလိုကြောင်း။

စွမ်းဆောင်နိုင်မှုပေါ်တည်

ယနေ့ခေတ်ကာလတွင် ပညာရေးကဏ္ဍ၏ စွမ်းဆောင်နိုင်မှု၊ ပညာရေးကဏ္ဍကနေ အမျိုးသားရေးစွမ်းအား တောင့်တင်းခိုင်မာအောင် တည်ဆောက်ပေးနိုင်မှုသည် နိုင်ငံတော်၏

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❐

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၆ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပသော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၁၈) သင်တန်းဆင်းအခမ်းအနားတွင် သင်တန်းသူ စံပြဆုရ အမှတ်ဘီ-၁၇၀ မန္တလေးတိုင်း တံတားဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်စန်းယုမော်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ထင် ယောင် မှား

ကြားဖူးကြမှာပါ။ ဘာတဲ့။ အတတ်ကြူးတော့ ဘီလူးဖြစ်တယ်တဲ့။ မြန်မာတစ်ပြည်လုံးမှာ ငါ့လောက်တတ်၊ ငါ့လောက်သိ၊ ငါ့လောက်သတ္တိရှိမယ့်သူ မရှိလောက်ဘူးအထင်နဲ့ ငါပြောသမျှ ယုံကြည်မှာပဲလို့ ထင်ယောင်မှားစိတ် ကျွန်တော်တို့ "အန်တီစု"မှာ ရှိများရှိနေပြီလား။

(မောင်ရင်မိုင်း၏ ဆောင်းပါး အပိုင်း(၄)ကို အတွင်းစာမျက်နှာ ၈ နှင့် ၉ တွင် ဆက်လက်ဖတ်ရှုနိုင်ပါသည်။)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၈-၇-၂၀၀၃ (အင်္ဂါနေ့)

တည်ငြိမ်အေးချမ်းမှု ထိန်းသိမ်းမြှင့်တင် အမျိုးသားစီးပွားရေး ခိုင်မာရန်ကြိုးပမ်း

ယနေ့အချိန်အခါသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍအားလုံးတွင် အသိပညာ၊ နည်းပညာများက ပင်မမဏ္ဍိုင်နေရာမှ လွှမ်းမိုးကြီးစိုးလာနေသည့် ပညာခေတ်အချိန်ကာလဖြစ်သည်။ ထို့ကြောင့် ပညာရေးကဏ္ဍ၏ လုပ်ငန်းတာဝန်များသည် ကျောင်းသူ၊ ကျောင်းသားများ၏ ဘဝရှေ့ရေး တိုးတက်ရုံသာမက ခေတ်မီတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက်ပါ ကြိုတင်ပြင်ဆင်ဆောင်ရွက်ပေးကြရမည့် တာဝန်ရှိပေသည်။

မျက်မှောက်ခေတ်ကာလတွင် ပညာရေးကဏ္ဍ၏ စွမ်းဆောင်နိုင်မှု၊ ပညာရေးကဏ္ဍမှနေ၍ အမျိုးသားရေးစွမ်းအား တောင့်တင်းခိုင်မာစေရန် တည်ဆောက်ပေးနိုင်မှုသည် နိုင်ငံတော်၏ အနာဂတ်တောင့်တင်းခိုင်မာရေးကို ပိုင်းဖြတ်နေသည်ဟု ဆိုနိုင်ပေသည်။ တစ်နည်းအားဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိနိုင်ငံ၊ မိမိလူမျိုး အစွန့်ရှည်ရှင်သန်ခိုင်မြဲရေးတို့သည် ပညာရေးကဏ္ဍ၏ စွမ်းဆောင်နိုင်မှုအပေါ်မူတည်လျက်ရှိပေသည်။

ထို့ကြောင့် နိုင်ငံတော်က ပညာရေးမြှင့်တင်မှုအစီအစဉ်များ၊ အမျိုးသား ပညာရည်မြင့်မားရေး စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ အမျိုးသား ပညာရည်မြင့်မားရေးစီမံကိန်းများသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အမျိုးသားရေးမူဝါဒများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပေသည်။

အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၂) သင်တန်းဆင်းအခမ်းအနားကို ဇူလိုင်လ ၅ရက်နေ့က ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် **ယနေ့အချိန်အခါကာလသည် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုများကို ထိန်းသိမ်းမြှင့်တင်ပြီး အရှိန်အဟုန်ရစပြုနေပြီဖြစ်သည့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် ကြိုးပမ်းမှုများကို ဇောက်ချဆောင်ရွက်ကြရမည့် အချိန် ကာလဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင် ဖန်တီးသူများ၏ ကြိုးပမ်းမှုအန္တရာယ်ကိုလည်း ကြိုတင်ကာကွယ်ကြရမှာဖြစ်ကြောင်း** ပြောကြားခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရေ၊ မြေ သဘာဝ ကောင်းမွန်ပြီး တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်စေရန် ဝိုင်းဝန်းပါဝင်ကြိုးပမ်းတည်ဆောက်လျက်ရှိကြသည်။ နယ်စပ်အစွန်အဖျားဒေသများပါမကျန် နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာမှု၊ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေမှု၊ လူနေမှုအဆင့်အတန်း သိသာစွာ တိုးတက်မြင့်မားလာမှု အကျိုးရလဒ်ကောင်းများကို ပြည်သူအများ လက်တွေ့ခံစားနေကြရပြီဖြစ်သည်။

တိုင်းရင်းသားပြည်သူများသည် တည်ငြိမ်အေးချမ်းသာယာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကြောင့် စိတ်အေးချမ်းမြေ့မှုများ ရရှိနေကြပြီဖြစ်ရာ ဆူပူသောင်းကျန်းမှု၊ တရားဥပဒေကင်းမဲ့မှု၏ အနိဋ္ဌာရုံများကို တွေ့မြင်လက်ခံလိုကြမည်မဟုတ်ပေ။ ပြည်သူများအတွက် ကြောက်လန့်ဖွယ်ရာဖြစ်ရပ်မျိုး ထပ်မံမပေါ်ပေါက်စေရန်၊ ထပ်မံမခံစားရစေရန် ဝိုင်းဝန်းကာကွယ် တားဆီးကြရမည်ဖြစ်သည်။

ထို့ကြောင့် အနာဂတ်ကာလကို တာဝန်ယူကြရမည့် ကျောင်းသူ၊ ကျောင်းသားလူငယ်များကို တာဝန်ယူပြုစု ပျိုးထောင်ပေးနေကြသည့် ဆရာ၊ ဆရာမများအနေဖြင့် အပြုသဘောနှင့် အဖျက်သဘော၏ ကောင်းကျိုး၊ ဆိုးကျိုးများကို နှိုင်းယှဉ်သိမြင်စေရန် သင်ကြားပြသပေးကြရမည် ဖြစ်သည်။

အလားတူပင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ လက်ငင်းအကျိုးစီးပွားကိုသာမက အနာဂတ်ကာလတိုင် ရေရှည်အကျိုးစီးပွားကိုပါ ဖော်ဆောင်ပေးနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးနိုင်စေရေးအတွက် တပည့်ကျောင်းသူ၊ ကျောင်းသားလူငယ်များကို အသိဉာဏ်ပညာဖြင့် စွမ်းဆောင်ရည် ထူးချွန်ထက်မြက်စေရန်လည်း ပြုစုပျိုးထောင် ပေးကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ကာလကဲ့သို့ နိုင်ငံတော်ကြီး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ ရရှိခံစားနေရချိန်တွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းသာယာမှုများကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ရင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် ကြိုးပမ်းမှုများကို ဇောက်ချဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမေရိကန်တပ်သားများ ဖမ်းထားသည့် တူရကီတပ်သားများအား ဒစ်ချေနီထံမှလွှတ်ပေးရန် အာမခံချက်ရပြီးနောက် မကြာမီ ပြန်လွှတ်ဖွယ်

အန်ကာရာ ဇူလိုင် ၇

အီရတ်နိုင်ငံအတွင်း ရှာဖွေမှုပြုလုပ်နေစဉ် အမေရိကန်တပ်သားများက ဖမ်းဆီးထားသည့် တူရကီစစ်သားများအား အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီထံမှ လွှတ်ပေးရန် အာမခံပြီးသည့်နောက် မကြာမီအတွင်း လွှတ်ပေးမည်ဟု မျှော်လင့်မိကြောင်းဖြင့် တူရကီက ပြောကြားလိုက်သည်။

အဆိုပါ အငြင်းပွားမှု ပြဿနာက မြောက်အတ္တလန္တိတ် စာချုပ်အဖွဲ့(နေတိုး) စစ်ဘက်ဆိုင်ရာ မဟာမိတ်နှစ်နိုင်ငံအတွင်း တင်းမာနေမှုများအား မီးထိုးပေးသကဲ့သို့ အန္တရာယ်အဖြစ် ခြိမ်းခြောက်လျက်ရှိသည်။ အမေရိကန်တပ်များ အီရတ်နိုင်ငံသို့ ကျူးကျော်ဝင်ရောက်ရေး ကိစ္စနှင့်ပတ်သက်၍လည်း ၎င်းနှစ်နိုင်ငံတို့ သဘောထားကွဲလွဲခဲ့ကြသေးသည်။

တူရကီနှင့် အမေရိကန် စစ်ဘက်အာဏာပိုင်များသည် ၎င်းကိစ္စ အပေါ် မကြာမီအတွင်း ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။ မိမိတို့ အထူးတပ်သားများ အီရတ်နိုင်ငံ ဆူလေမန်နီယာရှိ တူရကီတပ်သားများဘက်သို့ ပြန်ရောက်လာမည်ဟု မိမိတို့ မျှော်လင့်ကြောင်း တူရကီဝန်ကြီးချုပ် အာဒိုဂန်နှင့် အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီတို့ တယ်လီဖုန်းဖြင့် ဆွေးနွေးပြီးနောက် ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံမြောက်ပိုင်း ဆူလေမန်နီယာတွင် အမေရိကန်တပ်သားများက တူရကီစစ်သား ၁၁ဦး အပါအဝင် လူ၂၄ဦးကို ထိန်းသိမ်းထားပြီး ဘဂ္ဂဒက်သို့ ခေါ်ဆောင်လာခဲ့သည်။ အီရတ်နိုင်ငံမြောက်ပိုင်း၌ ရှာဖွေပြီးနောက် တူရကီစစ်သားများဟုထင်ရသည့် စစ်သားများကို ထိန်းသိမ်းထားခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

အမေရိကန်နှင့် တူရကီအာဏာပိုင်များသည် ဆူလေမန်နီယာတွင်ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ တနင်္ဂနွေနေ့ညနေပိုင်းက ညှိနှိုင်းလျက်ရှိကြောင်း၊ သို့ရာတွင်လုံခြုံရေး အခြေအနေကြောင့် ညတွင်းချင်း မလွှတ်ကြောင်း တူရကီသတင်းဌာနက ဖော်ပြသည်။

ဖော်ပြပါ တူရကီစစ်သားများသည် ကယ်ကွတ်ရှိ ကြားဖြတ်အာဏာပိုင်အဖွဲ့အုပ်ချုပ်ရေးမှူးကို သတ်မည့်ကိစ္စတွင် ပါဝင်ပတ်သက်သည့် သက်သေအထောက်အထားများအရ ဖမ်းရခြင်းဖြစ်ပြီး လက်နက်အများအပြားကိုလည်း အမေရိကန်တပ်သားများက သိမ်းယူထားကြောင်း အရှေ့အလယ်ပိုင်းရှိ သံတမန်သတင်းရပ်ကွက်က ပြောကြားသည်။

၎င်းကိစ္စနှင့်စပ်လျဉ်း၍ တူရကီနှင့် အမေရိကန်စစ်ဘက် ပူးတွဲကော်မတီဖွဲ့စည်းပြီး ဆူလေမန်နီယာခရိုင်တွင် စုံစမ်းစစ်ဆေးမည်ဟု အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီ၏ ပြောကြားချက်ကို သတင်းကြေညာချက်တွင် ဖော်ပြထားသည်။

ဘဂ္ဂဒက်ရှိမိမိတို့ စစ်ဘက်ဝန်ထမ်းများကို အမြန်ဆုံးလွှတ်ပေးရေးသည် အရေးပါဆုံး အချက်ဖြစ်ကြောင်း ဝန်ကြီးချုပ် အာဒိုဂန်၏ ပြောကြားချက်ကို သတင်းကြေညာချက်တွင် ဖော်ပြထားသည်။ *အမ်အင်အေ၊ရိုက်တာ။*

အီရတ်နိုင်ငံ ရာမာဒီမြို့ တိုက်ခိုက်မှုများတွင် အမေရိကန်တပ်သားများ ပါဝင်နေသည်ဟု ပြောကြား

ဘဂ္ဂဒက် ဇူလိုင် ၇

အမေရိကန်တပ်သားများသည် အီရတ်နိုင်ငံ ရာမာဒီမြို့တွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုများတွင် ပါဝင်လျက်ရှိကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားလိုက်သည်။ အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြားက အမေရိကန်တပ်သားများ ထိန်းချုပ်ထားသည့် အဆိုပါရာမာဒီဒေသတွင် ပြင်းထန်သည့် ဖုံးပေါက်ကွဲမှုများ ဖြစ်ပွားနေကြောင်း သတင်းထုတ်လွှင့်ပြသခဲ့သည်။

ဘဂ္ဂဒက်မြို့တော် အနောက်ပိုင်း မိုင် ၆၀အကွာရှိ ရာမာဒီမြို့အရှေ့ဘက်အဝင်နေရာရှိ အမေရိကန်စစ်ဘက်ဆိုင်ရာဒေသတွင် ပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အယ်လ်ဂျာဇီယာက ထုတ်လွှင့်ဖော်ပြသည်။

ရာမာဒီတွင် တစ်စုံတစ်ရာ တိုက်ခိုက်မှုဖြစ်ပွားနေကြောင်း မိမိအတည်ပြုပြောကြားနိုင်ကြောင်း အမေရိကန်စစ်ဘက်မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ လုံခြုံရေးအခြေအနေကို တပ်လှန့်ထားကြောင်း ၎င်းက ထပ်လောင်းပြောကြားသော်လည်း အသေးစိတ်ပြောကြားခြင်း မရှိပေ။

အမေရိကန်များ ထောက်ခံအားပေးသည့် အီရတ်ရဲတပ်သားသစ် ခုနစ်ဦးသည် ရာမာဒီမြို့၏ အဓိကကျသည့် လမ်းမကြီးပေါ်ရှိ ရဲစခန်းအပြင်ဘက်တွင် ပေါက်ကွဲမှုဖြစ်ပွားရာ စနေနေ့က သေဆုံးခဲ့သည်။ ဆက်ဒမ်ဟူစိန်အား ရာထူးမှဖယ်ရှားပြီးနောက် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်က အဓိကထိုးစစ်ဆင်နွှဲမှုများ မရှိတော့ကြောင်းဖြင့် မေ ၁ရက်က ကြေညာပြီးသည့်နောက်ပိုင်း မကြာခင် ရက်သတ္တပတ်များအတွင်း အမေရိကန်ဦးဆောင်သည့် သိမ်းပိုက်ရေး တပ်သားများမှာ နေ့စဉ်နီးပါး တိုက်ခိုက်မှု ခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်၏အကြီးမားဆုံး ရေနံချက်စက်ရုံ စစ်ပွဲမတိုင်မီ ရှိခဲ့သည့်နှုန်း၏ ၇၀ရာခိုင်နှုန်းသာ ချက်နိုင်

ဘိုင်ဂျီ(အီရတ်) ဇူလိုင် ၇

အီရတ်နိုင်ငံအနှံ့အပြားတွင် ခိုးယူလုယက်မှုများကြောင့် ဘိုင်ဂျီမြို့ရှိ အီရတ်၏အကြီးဆုံး ရေနံချက်စက်ရုံမှာ အပြည့်အဝ ချက်လုပ်နိုင်ခြင်းမရှိဘဲ အီရတ်စစ်ပွဲမတိုင်မီက ရှိခဲ့သည့်နှုန်း၏ ၇၀ရာခိုင်နှုန်းသာ ချက်လုပ်နိုင်စွမ်းရှိကြောင်း ဝါရင့်အီရတ်ရေနံ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ပြောကြား

ရေနံချက်စက်ရုံ၏ ဓာတ်အားပေးလိုင်းများကို လုယက်မှုများကြောင့် ရေနံချက်စက်ရုံကြီးမှ တစ်ခါတစ်ရံ ရပ်ဆိုင်းခဲ့ရပြီး သို့မဟုတ် နေ့စဉ်ချက်လုပ်နိုင်သည့် ပီပါ ၃၀၀၀၀၀ အောက်သို့သာ ချက်လုပ်နိုင်ကြောင်း မြောက်ပိုင်းရေနံချက် ကုမ္ပဏီညွှန်ကြားရေးမှူးချုပ် ရိုက်ဒ်ဂါဆက်က ရိုက်တာသတင်းဌာနသို့ စနေနေ့က ပြောကြားသည်။

အီရတ်စစ်ပွဲမတိုင်မီက မိမိတို့၏ ထုတ်လုပ်မှုသည် နေ့စဉ်ပီပါ ၂၅၀၀၀၀ ရှိခဲ့ကြောင်း၊ ယခုအခါတွင် အဆိုပါပမာဏ၏ ၇၀ရာခိုင်နှုန်းသာ ရှိတော့ကြောင်း ၎င်းက ပြောကြားသည်။

ယင်းရေနံချက်စက်ရုံသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်နှင့် အီရတ်မြောက်ပိုင်း မိုဆူးလ်မြို့တို့သို့ ရေနံများ ဖြန့်ဖြူးတင်ပို့ပေးနေရသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်မြို့ နူလာနီဗလီအနီး တစ်ဝိုက်တွင် ဇူလိုင် ၆ ရက်က ကင်းလှည့် စောင့်ကြပ်လျက်ရှိသည့် အမေရိကန်တပ်သားများအား တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဘဂ္ဂဒက်မြို့ရှိ အီရတ်အမျိုးသား ပြတိုက် အပြင်ဘက်တွင် ဗြိတိသျှ သတင်းစာဆရာတစ်ဦး ပစ်သတ်ခံရမှုသတင်းကို သတင်းယူနေကြသည့် နိုင်ငံခြားသတင်းစာဆရာများအား တွေ့ရစဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

ဘီဘီစီက ၎င်း၏ရိုးသားမှုကို စော်ကားခြင်းဖြစ် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ ဘီဘီစီကိုစွပ်စွဲ

လန်ဒန်　ဇူလိုင်　၆

အီရတ်စစ်ပွဲမဖြစ်မီကလေးတွင် အီရတ်၏ အစုအပြုံ လိုက်သေစေသော လက်နက်များဆိုင်ရာ ထောက်လှမ်းရေး အစီရင်ခံစာကို မိမိနှင့်မိမိ၏ ဝန်ထမ်းများက ပြုပြင် ချဲ့ကားသည်ဟု သတင်းလွှင့်ခြင်းအားဖြင့် ဘီဘီစီသည် မိမိ၏ရိုးသားဖြောင့်မတ်မှုကို ကျူးကျော်စော်ကားခြင်း ဖြစ်ကြောင်း ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲက သတင်းစာ တစ်စောင်နှင့် တွေ့ဆုံမေးမြန်းခန်းတွင် စွပ်စွဲလိုက်သည်။

နောက်ဆုတ်

ဗြိတိန်အောက်လွှတ်တော် နိုင်ငံခြားရေးရာ ကော်မတီက ဗြိတိန်အစိုးရအနေဖြင့် ဗြိတိန်နိုင်ငံကို အီရတ်စစ်ပွဲ အတွင်း မည်သို့ဆွဲသွင်းသည်ဆိုသောကိစ္စ မတင်ပြမီ တွင် အော့ဗ်ဇားဗားသတင်းစာနှင့် တွေ့ဆုံမေးမြန်းခန်း၌ ဝန်ကြီးချုပ် တိုနီဘလဲက အထက်ပါအတိုင်းပြောကြားကာ ဘီဘီစီက ဝန်ချတောင်းပန်ရန် တောင်းဆိုမှုမှ နောက်ဆုတ်လိုက်သည်။

သို့သော် ပြည်သူတွေက မှန်ကန်ကြောင်းအခိုင်အမာ ပြောဆိုပြီး မှားသွားလျှင်မူ သူတို့အနေဖြင့် မှားယွင်းသွားသည်ကို လက်ခံသင့်ကြောင်း၊ ဘီဘီစီက မိမိအပေါ် စွပ်စွဲထားသည်မှာလည်း မမှန်ကန်ကြောင်း၊ ပြည်သူများက ယင်းအဖြစ်ကို လက်ခံမည်ဟု မိမိယုံကြည်ကြောင်း၊ လက်ခံနိုင်မည်ဟုလည်း ထင်မြင်ကြောင်း၊ မိမိပြောလိုသည်မှာ ယင်းအချက်ပင်ဖြစ်ကြောင်း ဝန်ကြီးချုပ်တိုနီဘလဲက ပြောကြားလိုက်သည်။ ***အင်တာနက်။***

အီရတ်နိုင်ငံတွင် အမေရိကန်တို့ ပြဿနာ သောင်းခြောက်ထောင်နှင့် ရင်ဆိုင်နေရ

ဘဂ္ဂဒက်　ဇူလိုင်　၆

တူရကီနိုင်ငံက ၎င်း၏တပ်သားများကို အမေရိကန်စစ်သားများက ဖမ်းဆီးမှုအပေါ် ဒေါသဖြင့်တုံ့ပြန်မှု၊ အမေရိကန်တို့လေ့ကျင့်ပေးသည့် အီရတ်ရဲများ သင်တန်းအဆင်းတွင် ရဲအရာရှိ ခုနစ်ဦးသေဆုံးကာ အီရတ်နိုင်ငံတွင်း လုံခြုံရေးကို အကြီးအကျယ်စိုးရိမ်စရာဖြစ်ရမှုများ အပါအဝင် အမေရိကန်တို့ အနေဖြင့် အီရတ်နိုင်ငံတွင် ပြဿနာပေါင်း သောင်းခြောက်ထောင်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

အီရတ်နိုင်ငံမြောက်ပိုင်းမှ တူရကီတပ်သားများကို အမေရိကန်စစ်သားများဖမ်းဆီးသွားမှုနှင့်စပ်လျဉ်း၍ အမေရိကန်ဒုတိယသမ္မတဒစ်ချေနီနှင့် တူရကီဝန်ကြီးချုပ် ရီဆက်စောယစ်အာဒိုဂန်က တနင်္ဂနွေနေ့တွင် တယ်လီဖုန်းနှင့် ဆွေးနွေးပြောဆိုမည်ဖြစ်ကြောင်း တူရကီအစိုးရပြောရေး ဆိုခွင့်ရှိသူက ပြောဆိုသည်။ ထိုအတောအတွင်း အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် အနောက်ဘက်မြို့ တစ်မြို့၌ သင်တန်းဆင်း အီရတ်ရဲတပ်ဖွဲ့ဝင် ခုနစ်ဦးအား ဗုံးခွဲသတ်ဖြတ်မှု အတွက် ဆက်ဒမ်ဟူစိန်၏ သစ္စာခံ အီရတ်ခုခံရေးသမားများအား အမေရိကန်တို့က ပြစ်တင်လိုက်သည်။

တူရကီတပ်သားများအား အမေရိကန်စစ်သားများက ဖမ်းဆီးမှုကို တူရကီ ပြည်သူများ ဒေါသတကြီးကန့်ကွက်နေကြစဉ် တူရကီဝန်ကြီးချုပ်သည် ယင်းကိစ္စ နှင့်စပ်လျဉ်း၍ အင်တာရာမြို့၌ တူရကီအစိုးရအရာရှိများ၊ စစ်ဘက်အရာရှိ များနှင့် စနေနေ့ညက တွေ့ဆုံဆွေးနွေးသည်။ သို့သော် တူရကီတပ်သား မည်မျှပါဝင်ပြီးမည်မျှ အဖမ်းခံရသည်ကို အသေအချာမသိရသေးပေ။ အမေရိကန်တို့ကလည်း ဖမ်းဆီးခြင်းကိစ္စကို ချက်ချင်းအတည်မပြုဟု သိရသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် အမေရိကန်တပ်ဖွဲ့ စစ်သုံးယာဉ်များ ဇူလိုင် ၄ ရက်က ကင်းလှည့်စောင့်ကြပ်နေစဉ်။ (အမေရိကန်တပ်သားများသည် ဘဂ္ဂဒက်မြို့မြောက်ပိုင်း၌ အမေရိကန် ကင်းလှည့်ယာဉ်တစ်စီးအား ပစ်ခတ်ခဲ့သည့် အီရတ်နိုင်ငံသား ၁၁ ဦးအား ပစ်သတ်ခဲ့သည်ဟု အမေရိကန်စစ်ဘက်ဆိုင်ရာပြောရေး ဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။)

(ဓာတ်ပုံ-ဆင်ဟွာ)

အိန္ဒိယနှင့်ပါကစ္စတန် စီးပွားရေး ဆက်ဆံမှုမြှင့်တင်

နယူးဒေလီ ဇူလိုင် ၆

ပါကစ္စတန်နိုင်ငံသား ကုန်သည်များ နှင့် စီးပွားရေးလုပ်ငန်းရှင် စုစုပေါင်းလူ ၅၀ ပါ ကိုယ်စားလှယ် အဖွဲ့တစ်ဖွဲ့ သည် နယူးဒေလီမြို့၏ အနောက် မြောက် ကီလိုမီတာ ၄၆၀ ခန့်အကွာရှိ ဝါဂါနယ်စပ်ကို ဖြတ်ကျော်၍ အိန္ဒိယ နိုင်ငံတွင်းသို့ ဝင်ရောက်ခဲ့ကြောင်းဖြင့် အိန္ဒိယသတင်းဌာန (ပီတီအိုင်)က ဖော်ပြလိုက်သည်။

ပါကစ္စတန်နှင့်အိန္ဒိယ နှစ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်း အသိုက်အဝန်း များ အကြားရှိ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံမှုက နှစ်နိုင်ငံအတွင်းရှိ ပြဿနာအားလုံးကို ငြိမ်းချမ်းသော နည်းလမ်းဖြင့် ဖြေရှင်းရာတွင် နိုင်ငံရေး သမားများအတွက် အားတက်သရော ဖြစ်စေမည်ဟူသော ကြီးမားသည့် အကောင်းမြင်ဝါဒကို အဆိုပါ ကိုယ်စားလှယ်အဖွဲ့က ရင်ဝယ်ပိုက်၍ လာကြခြင်းဖြစ်သည်။

မိမိတို့သည် အိန္ဒိယနိုင်ငံ နယူး ဒေလီမြို့သို့ စီးပွားရေးမစ်ရှင်အဖွဲ့အဖြစ် လာရောက်နေကြခြင်း ဖြစ်ကြောင်း၊ မိမိတို့သည် အိန္ဒိယနိုင်ငံ ပြည်သူ တစ်ရပ်လုံး၏ မေတ္တာတရား၊ ချစ်ခင်မှုနှင့် ညီညွတ်ခြင်းစိတ်ဓာတ်များကို ဆောင်ကြဉ်းလာကြောင်း အိန္ဒိယ ပါကစ္စတန် ကုန်သည်ကြီးများအသင်း နှင့် စက်မှုဝန်ကြီးဌာန ဥက္ကဋ္ဌလည်းဖြစ်၊ ပြီး ကိုယ်စားလှယ်အဖွဲ့၏ အကြီးအကဲ လည်းဖြစ်သူ အာမက်ဘီလာက နယ်စပ်ရှိမီဒီယာသတင်းဌာနသို့ ပြောကြားသည်။

၎င်းကိုယ်စားလှယ် အဖွဲ့သည် အိန္ဒိယနိုင်ငံမှ ကုန်သွယ်ရေးအဖွဲ့နှင့် လာမည့် ရက်အနည်းငယ်အတွင်း အကျိုးတူ ပူးပေါင်းဆောင်ရွက်မည့် အဖွဲ့ဝင် ၁၁၅ ဦးပါ ကိုယ်စားလှယ် အဖွဲ့၏ အစိတ်အပိုင်းတစ်ရပ်သာ ဖြစ်သည်။

အိန္ဒိယဝန်ကြီးချုပ် ဗာ့ဂျ်ပါယီနှင့် ပါကစ္စတန်ဝန်ကြီးချုပ် ခန်းဂျာမာလီ တို့သည် မကြာမီသော ကာလအတွင်း အပြုသဘောဆောင်ပြီး ခိုင်မာသော သတင်းထုတ်ပြန်ချက်များ ပြုလုပ်ခဲ့ပြီး နောက် ပါကစ္စတန်နှင့် အိန္ဒိယနှစ် နိုင်ငံက အားလုံးသောပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းပေးမှုအပေါ် အကောင်းဘက်မှ မြင်မိပါကြောင်း အာမက်ဘီလာက ထုတ်ဖော်ပြောကြား သည်။ ***အမ်အမ်အေ၊ဆင်ဟွာ။***

နိုင်ငံတကာ သတင်းများ

အိမ်နီးချင်းအီရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် တူရကီနိုင်ငံ ဆုံးဖြတ်

အင်ကာရာ　ဇူလိုင်　၆

တူရကီနိုင်ငံ၏ အီရန်နှင့်ပတ်သက်သော အိမ်နီးချင်းကောင်း ဆက်ဆံရေးမူဝါဒကို အမေရိကန်နိုင်ငံက ဆန့်ကျင်သည့်ကြားမှပင် တူရကီနိုင်ငံက အီရန်နှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ထားကြောင်း သောကြာနေ့တွင် ထုတ်ဖော်ကြေညာသည်။

မိမိတို့အိမ်နီးချင်းနှစ်နိုင်ငံ စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးမှာ သဘာဝဓာတ်ငွေ့အတွက် အရေးပါသော နှစ်နိုင်ငံ ပူးပေါင်းဆက်သွယ်မှုတစ်ရပ်ဖြစ်ကြောင်း တူရကီပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ကာဆက်တပ်မင်က ပြောကြား လိုက်သည်ဟု အနာတိုလီယံသတင်းဌာနက ကြေညာသည်။ အီရန်နိုင်ငံက ၎င်းပိုင်သဘာဝဓာတ်ငွေ့များကို တူရကီနိုင်ငံမှ ဖြတ်ကျော်ပြီး တင်ပို့ရောင်းချခွင့်ပြုရန် မေတ္တာရပ်ခံကြောင်း တူရကီ-အီရန် စီးပွားရေးကောင်စီ ဒုတိယအကြိမ်အစည်းအဝေး အစ္စတန်ဘူ၌ ကျင်းပပြီးနောက် ဝန်ကြီးတပ်မင်က သတင်းထောက်များအား ပြောကြားလိုက်သည်။ ***အင်တာနက်။***

တရုတ်နှင့် တောင်ကိုရီးယား နှစ်နိုင်ငံ ဆက်ဆံရေး တိုးတက်

ဆိုးလ်　ဇူလိုင်　၆

တောင်ကိုရီးယားနှင့် တရုတ်ပြည်တို့သည် အရှေ့မြောက်အာရှ ဒေသ၏ ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးအတွက် ရေရှည် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း တောင်ကိုရီးယားသမ္မတ နိုမူဟွန်းက သောကြာနေ့တွင် ပြောကြားလိုက်သည်။

တွေ့ဆုံမေးမြန်း

နိုမူဟွန်းက တရုတ်ပြည်သို့ ဇူလိုင် ၇ ရက်မှ ၁၀ ရက်အထိ အလည်အပတ်ခရီးမသွားရောက်မီ ဆိုးလ်မြို့ရှိ တရုတ်သတင်းထောက် များနှင့် သောကြာနေ့က တွေ့ဆုံမေးမြန်းရာတွင် ဖော်ပြပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

တရုတ်နှင့် တောင်ကိုရီးယားနှစ်နိုင်ငံ၏ ဆက်ဆံရေးသည် အရှိန်အဟုန်လျင်မြန်စွာ တိုးတက်နေမှုကြောင့် နှစ်နိုင်ငံအကြား ၁၁ နှစ်နီးပါးခန့်ကြာညောင်းသည့် သံတမန်ဆက်ဆံမှု ထူထောင်ပြီးခဲ့ သည့်နောက်ပိုင်းတွင် ကမ္ဘာကြီးအား အံ့အားသင့်စေခဲ့ကြောင်း ဆင်ဟွာ သတင်းထောက်၏မေးခွန်းကို ဖြေကြားရင်း နိုမူဟွန်းက ညွှန်းပြ ပြောကြားလိုက်သည်။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများ တွင် အပြန်အလှန်ဖလှယ်မှုသည် ၁၉၉၂ ခုနှစ် နောက်ပိုင်း အရှိန်အဟုန် ကြီးမားစွာ တိုးတက်ခဲ့ကြောင်း နိုက ပြောကြားသည်။

နှစ်ဦးနှစ်ဝ ဆက်ဆံရေး၏ အခြေခံမူဝါဒသည် နက်ရှိုင်းပြီး နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်စေရန် ယခုထက်တိုင် ဖွံ့ဖြိုးမည့် အလားအလာကောင်းများ ပေါ်ထွန်းလျက်ရှိကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်စေရေးအတွက် နှစ်နိုင်ငံမှ ခေါင်းဆောင်များ ဖော်ဆောင်လျက်ရှိကြောင်း နိုက ထပ်လောင်းပြောကြားသည်။

ရှင်သန်နိုးထ

နှစ်နိုင်ငံအကြား စီးပွားရေး အပြန်အလှန် ဖလှယ်မှုများသည် လွန်စွာရှင်သန်နိုးထလျက်ရှိပြီး နှစ်ဦးနှစ်ဖက် အကျိုးအမြတ်ရရှိရေး အတွက် နှစ်ဦးနှစ်ဝ အောင်မြင်သည့်မူဝါဒဖြင့် ဆောင်ကြဉ်းသွား မည်ဖြစ်ကြောင်း နိုက ပြောကြားသည်။

တောင်ကိုရီးယားနှင့် တရုတ်ပြည်တို့၏ ချစ်ကြည်သည့် ပူးပေါင်း ဆောင်ရွက်ရေးက အရှေ့မြောက်အာရှ ဒေသ၏လုံခြုံရေး၊ ငြိမ်းချမ်း ရေးနှင့် သာယာဝပြောမှုကို ကောင်းကျိုးဖြစ်ထွန်းစေမည်ဟု နိုက သဘောထားကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တူရကီစစ်သားများကို အမေရိကန်ကဖမ်းထား တူရကီနှင့် အမေရိကန်တို့ မပြေမလည်ဖြစ်နေ

အန်ကာရာ ဇူလိုင် ၇

အမေရိကန်တို့သည် အီရတ်နိုင်ငံအတွင်း၌ ပြဿနာတစ်ခုပြီးတစ်ခုနှင့် ရင်ဆိုင်နေရသည်။ အိမ်နီးချင်း တူရကီနိုင်ငံမှ စစ်သားများကို အမေရိကန်တပ်က ထိန်းသိမ်းထားသဖြင့် တူရကီအစိုးရက ဒေါသတကြီးတုံ့ပြန်ခဲ့သည်။ အခြားပြဿနာတစ်ခုမှာ အမေရိကန်တို့ လေ့ကျင့်ပေးထားသော အီရတ်ရဲတပ်ဖွဲ့အသစ်မှ ရဲခုနစ်ဦးသင်တန်းဆင်းပွဲ ကျင်းပနေစဉ် ဗုံးပေါက်ကွဲသဖြင့် သေဆုံးသွားရသည့်ကိစ္စပင်ဖြစ်သည်။ ထိုကိစ္စများကြောင့် လုံခြုံရေးအတွက် စိုးရိမ်နေရပြီး တိုးမြှင့်ဆောင်ရွက်ခဲ့ကြရသည်ဟုဆိုသည်။ အထက်ဖော်ပြပါကိစ္စနှင့်ပတ်သက်ပြီး တူရကီဝန်ကြီးချုပ် ရီဆက်တေရစ် အာဒိုဂန်သည် တနင်္ဂနွေနေ့တွင် အမေရိကန်ဒုတိယသမ္မတ ဒစ်ချေနီနှင့် တယ်လီဖုန်းဖြင့် စကားပြောမည်ဟု တူရကီအစိုးရ အာဏာပိုင်များက ဆိုသည်။

အပြစ်ဖို့

ဘဂ္ဂဒက်မြို့၏ မြောက်ဘက်၌ ဖြစ်ပွားသော ရဲတပ်ဖွဲ့ဝင်များသေဆုံးရသည့် ဗုံးပေါက်ကွဲမှုအတွက် အမေရိကန်က ဆက်ဒမ်ကို သစ္စာခံသူများအပေါ် အပြစ်ဖို့ထားသည်။ မြို့တော်၌ပင် ဗြိတိန်သတင်းထောက် တစ်ဦး သေနတ်ဖြင့် ပစ်သတ်ခံသွားရပြန်ကာ ထိုအချက်က လုံခြုံရေးအခြေအနေ ဆိုးရွားလာသည်ကို ဖော်ပြသည့် လက္ခဏာပင်ဖြစ်သည်။

အရေးပေါ်

တူရကီတွင် ၎င်းတို့၏တပ်ဖွဲ့ဝင်များကို အမေရိကန်တို့က ထိန်းသိမ်းထားသည့်အတွက်ဒေါသနှင့်ဆန့်ကျင်နေကြသည်။ ထိုအချိန်၌ တူရကီဝန်ကြီးချုပ်သည် စနေနေ့ညပိုင်းက အရေးပေါ် စစ်ရေးနှင့် နိုင်ငံရေး အစည်းအဝေး တစ်ရပ် ခေါ်ယူကျင်းပခဲ့သည်။

အတည်မပြု

အဆိုပါ ကိစ္စတွင် တူရကီတပ်ဖွဲ့ဝင် မည်မျှကို မည်သည့်အကြောင်းကြောင့် ထိန်းသိမ်းထားသည်ကို သေချာစွာမသိရသေးဘဲရှိသည်။ အမေရိကန်ကမူ တူရကီစစ်သားများအားထိန်းသိမ်းထားသည်ဆိုသောကိစ္စကို ရုတ်တရက် အတည်ပြု မပေးဟုဆိုသည်။

ကွဲလွဲနေ

ဝန်ကြီးချုပ် အာဒိုဂန်က တူရကီစစ်သားများကို နောက်ပိုင်းတွင် ပြန်လွှတ်လိုက်သည်ဟု ဆိုသည်။ သို့သော် တူရကီနိုင်ငံခြားရေးဝန်ကြီး အဗ္ဗဒူလာ၏ အဆိုမှာ အထက်ပါ ပြောကြားချက်နှင့် ကွဲလွဲနေသည်။

မသဲကွဲသေး

အစပိုင်းက တူရကီဝန်ကြီးချုပ်က ၎င်း၏ တပ်ဖွဲ့များကို ထိန်းသိမ်းထားသူများမှာ အမေရိကန်တပ်များဖြစ်သည်၊ သို့မဟုတ် ဒေသခံ ကာဒစ်ပြည်သူ့စစ်များဖြစ်သည်ကို သဲကွဲစွာ မသိရသေးဟုဆိုခဲ့သည်။

ကာကွတ်မြို့တော်ရှိ ကာဒစ်အုပ်ချုပ်ရေးမှူးကို တူရကီစစ်သားများက လုပ်ကြံရန်စီစဉ်နေသည်ဟု မသင်္ကာသဖြင့် တူရကီ စစ်သားများကို သောကြာနေ့က ဖမ်းဆီးထိန်းသိမ်းခြင်းဖြစ်ကြောင်း တူရကီသတင်းဌာနများက ဆိုသည်။

အထိမခံနိုင်

အာဒိုဂန်က ဒစ်ချေနီနှင့် စကားပြောရာ၌ နောင်တွင် အလားတူ လက်မခံနိုင်ဖွယ်ရာလုပ်ရပ်မျိုး ထပ်မံမပေါ်ပေါက်နိုင်တော့ဟု မျှော်လင့်ကြောင်း၊ တူရကီလူမျိုးတို့အတွက် ထိုကိစ္စသည် အထိမခံနိုင်သော ကိစ္စမျိုးဖြစ်ကြောင်းတို့ကိုပါ အသိပေးပြောကြားလိမ့်မည်ဟု ဆိုသည်။

ဝင်ရောက်စီးနင်း

ဟူရီယက် သတင်းစာတွင် တူရကီ အရာရှိသုံးဦးနှင့် အရာခံနှင့် အကြပ်အဆင့်ရှစ်ဦးတို့ စူလေမနီရာ အရပ်တွင် အဖမ်းခံရသည်ဟု ဖော်ပြထားသည်။ အခြားသတင်းတစ်ရပ်တွင်လည်းအမေရိကန်စစ်သား ၁၀၀ ခန့်က ဝင်ရောက်စီးနင်းပြီး တူရကီစစ်သားများနှင့် အလုပ်သမားခြောက်ဦးကို ဖမ်းဆီးသွားသည်ဟုဆိုသည်။

ယူကရိန်းရဲတပ်ဖွဲ့ဝင်များ အီရတ်သို့စေလွှတ်မည်

ဘဂ္ဂဒက် ဇူလိုင် ၆

အီရတ်နိုင်ငံတွင် ထားရှိမည့် နိုင်ငံတကာ တပ်ပေါင်းစု၌ ပါဝင်ရန် ယူကရိန်းနိုင်ငံက ၎င်း၏ ရဲတပ်ဖွဲ့ဝင်များကို လေ့ကျင့်ပေးလျက်ရှိသည်။ ယူကရိန်းနိုင်ငံသည် ရဲတပ်ဖွဲ့ဝင် ၁၆၅၀ ကို အီရတ်ရှိ နိုင်ငံတကာတပ်ဖွဲ့တွင် ပါဝင်ရန် ဩဂုတ်လ၌ စေလွှတ်မည်ဖြစ်သည်။

ယူကရိန်းရဲတပ်ဖွဲ့များက အီရတ်နှင့် အီရန်နယ်စပ် တစ်လျှောက် ကီလိုမီတာ ၁၂၀ခန့်ကို တာဝန်ယူစောင့်ရှောက်ရမည်ဖြစ်သည်။

အီရတ်နိုင်ငံ၏ နိုင်ငံတကာ တပ်ပေါင်းစုတွင် နိုင်ငံပေါင်း၁၅ နိုင်ငံမှတပ်ဖွဲ့ဝင် ၉၀၀၀ခန့်သည်ကာဘာလာနှင့် နာဆာရီးယားမြို့များ အပါအဝင် ဗဟိုစခန်း နှစ်ခုတွင် တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ ***စီစီတီဗွီ။***



အခြားသတင်း တစ်ခုကလည်း တူရကီများကထိုကိစ္စအတွက် လက်တုံ့ပြန်ရန် စဉ်းစားနေကြသည်ဟု ဖော်ပြထားသည်။

အင်တာနက်။

အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ ပိုမိုဆိုးရွားလာလျက်ရှိသည်။ (ပုံမှာ ဘဂ္ဂဒက်မြို့တွင် သံချပ်ကာယာဉ်ဖြင့် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်သားတစ်ဦးကို ဇူလိုင် ၅ရက်က တွေ့ရစဉ်။)

(ဓာတ်ပုံ-ဆင်ဟွာ)

ရာမာဒီ ရဲစခန်းအနီးဗုံးပေါက်ကွဲ အီရတ်ရဲတပ်သားသစ် ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၆

အီရတ်နိုင်ငံရာမာဒီမြို့အနောက်ဘက်ရှိ ရဲဌာနအပြင်ဘက်တွင် ပြင်းထန်သည့်ဗုံးပေါက်ကွဲမှု ဖြစ်ပွားရာအီရတ်နိုင်ငံသား ရဲတပ်သားသစ်ခုနစ်ဦးထက်မနည်း ထိခိုက်သေဆုံးပြီး အခြားလူ ၅၀ ကျော်တို့ စနေနေ့က ထိခိုက်ဒဏ်ရာရရှိသွားကြောင်းဖြင့် သတင်းများအရသိရှိရသည်။

သင်တန်းဆင်းပွဲ

အမေရိကန်ဦးဆောင်သည့် ငါးရက်ကြာသင်တန်းပေးပြီးသည့်နောက်သင်တန်းဆင်းပွဲအခမ်းအနားသို့ ရဲတပ်သားသစ် ၈၀ခန့် ချီတက်လာရာတွင် ဘဂ္ဂဒက် အနောက်ဘက်ကီလိုမီတာ ၁၀၀အကွာရှိ ရာမာဒီမြို့တွင် ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

ယင်းသို့ရာမာဒီမြို့တွင် ဗုံးပေါက်ကွဲစဉ် အမေရိကန်ဦးဆောင်သည့် မည်သည့်တပ်သားများမှ မရှိကြကြောင်း ဒေသခံမျက်မြင်သက်သေများအားကိုးကား၍ ဖော်ပြပါသတင်းများအရ သိရှိရသည်။

ကူညီပံ့ပိုးရန်

အီရတ်နိုင်ငံတွင် ဆက်ဒမ်ဟူစိန်အစိုးရဧပြီလအတွင်း ပြုတ်ကျခဲ့ပြီးနောက် အီရတ်နိုင်ငံတွင် သုံးလနီးပါးခန့် ဥပဒေမဲ့လုပ်ငန်းများအဆုံးသတ်စေရေးအတွက် ကူညီပံ့ပိုးရန် အမေရိကန်ဦးဆောင်သည့် တပ်သားများက ဒေသခံ ရဲတပ်သားများအား စုဆောင်းလျက် သင်တန်းများပို့ချပေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

သကြားကြမ်း ယူကရိန်းနိုင်ငံ ပြည်ပမှတင်သွင်းမည်

လန်ဒန် ဇူလိုင် ၆

ယူကရိန်းနိုင်ငံက လယ်ယာစိုက်ပျိုးရေး အကျပ်အတည်းနှင့် ရင်ဆိုင်ရန်းကန်နေရစဉ် စက်တင်ဘာလ လယ်တွင် သကြားကြမ်းတန်ချိန် ၂၀၀၀၀၀ ပြည်ပမှ ဝယ်ယူတင်သွင်းမိန့်ကို ယူကရိန်းဝန်ကြီးချုပ် ဗစ်တာ ယာနုကိုဗစ်က သောကြာနေ့တွင် လက်မှတ်ထိုးလိုက်သည်။

ယူကရိန်းနိုင်ငံတွင် ရာသီဥတုဖောက်ပြန်သည့်အတွက် သကြားနှင့် သီးနှံ ကဲ့သို့သော အခြေခံစားကုန်များ၏ ကုန်ဈေးနှုန်းများ တက်သွားသဖြင့် စားသုံးသူများ အထိတ်တလန့်ဖြစ်ကြရသည် ဆို၏။

ကုန်သည်များအနေဖြင့် နိုင်ငံတော်က ပြည်ပမှသကြား အများအပြား ဝယ်ယူ တင်သွင်းရေးကို အားထားအားကိုးပြုနေကြသည်။

ယခုနှစ် စောစောပိုင်းက သကြားကြမ်းတန်ချိန် ၅၆၀၀၀၀ အထိဝယ်ယူတင်သွင်းရန် သကြားစက်များကို ယူကရိန်းပါလီမန်က ခွင့်ပြုလိုက်သည်။

ယခုအခါ ထုတ်လုပ်သူများအနေဖြင့် အကောက်ခွန် ၁ ရာခိုင်နှုန်း သို့မဟုတ် တစ်တန်လျှင် ငါးယူရိုထက်မနည်း အခွန်ဆောင်ပြီး သကြားကြမ်းတန်ချိန် ၂၀၀၀၀၀ ဝယ်ယူတင်သွင်းနိုင်ကြောင်း အစိုးရက ကြေညာသည်။

အင်တာနက်။

နျူကလီးယား အစီအစဉ် ပွင့်လင်းမှုရှိသင့် အီရန်နိုင်ငံကို အိုင်အေအီးအေတိုက်တွန်း

ရောမ ဇူလိုင် ၆

အီရန်နိုင်ငံသည် ၎င်း၏နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ပိုမိုပွင့်လင်းမှုရှိသင့်ကြောင်း ကုလသမဂ္ဂ နျူကလီးယားစစ်ဆေးရေးမှူးများက ပိုမိုစစ်ဆေးမှုများပြုလုပ်နိုင်ရေးအတွက် နျူကလီးယားမပြန့်ပွားရေးစာချုပ်၏ နောက်ဆက်တွဲ စာချုပ်သစ်တစ်ရပ်တွင် လက်မှတ်ရေး ထိုးသင့်ကြောင်း ကုလသမဂ္ဂ နျူကလီးယားအေဂျင်စီ အကြီးအကဲက စနေနေ့တွင် တိုက်တွန်းလိုက်သည်။

အကယ်၍ အီရန်နိုင်ငံသည် ၎င်း၏ နျူကလီးယားစက်ရုံများအား တင်းတင်းကျပ်ကျပ်စစ်ဆေးမှုကို ခွင့်ပြုပေးမည် ဆိုပါက ယင်းနိုင်ငံအပေါ်သတ်မှတ်ထားသော နျူကလီးယား နည်းပညာဆိုင်ရာ ပိတ်ပင်ကန့်သတ်ချက်များကို တစ်ဆင့်စီပြန်လည် ရုပ်သိမ်းပေးမည်ဖြစ်ကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင် အေဂျင်စီ(အိုင်အေအီးအေ) အကြီးအကဲ မိုဟာမက်အယ်လ် ဘာရာဒေးက ပြောကြားသည်။

အီရန်နိုင်ငံသည်၎င်း၏နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ပွင့်လင်းမှုကိုပြသမည်ဆိုပါက ယင်းနိုင်ငံအနေဖြင့် နျူကလီးယားနည်းပညာများ ရရှိလာရန် အခွင့်အလမ်းပွင့်လန်းလာမည်ဖြစ်ကြောင်း ဘာရာဒေးက အီရန်သို့သွားရောက်မည့် ခရီးစဉ်၏ အကြိုကာလတွင်ပြုလုပ်သော ရိုက်တာသတင်းဌာန၏ လူတွေ့မေးမြန်းခန်းတစ်ရပ်တွင် ဖော်ပြသည်။

အီရန်နိုင်ငံသည် အဏုမြူလက်နက်အစီအစဉ်တစ်ရပ်ကို လျှို့ဝှက်စွာ အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းနေသည်ဟု အမေရိကန်အစိုးရက ယင်းနိုင်ငံကို စွပ်စွဲပြောဆိုခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ရှင်းလင်းဆောင်ရွက်

တရုတ်ပြည်အရှေ့ပိုင်း ရှန်ဟိုင်းမြို့၌ ရေကြီးမှုကြောင့် ပြိုကျပျက်စီးသွားသည့် မြေအောက် ဥမင်လိုဏ်ခေါင်းတစ်ခုတွင် ဇူလိုင် ၅ရက်က အပျက်အစီးများ ရှင်းလင်းဆောင်ရွက်နေကြစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

အမေရိကန်တို့ အီရတ်တွင် ၎င်းတို့မျှော်လင့်မထားသော အခြေအနေသို့ ညှပ်ပူးညှပ်ပိတ် ကျရောက်နေ နိုင်ငံတကာ တပ်ဖွဲ့များ၏ အကူအညီရယူပါမှ အီရတ်တွင် ငြိမ်းချမ်းရေးရောင်ခြည် တွေ့မြင်ရမည်ဟုဆို

ဘဂ္ဂဒက် ဇူလိုင် ၆

အမေရိကန်သမ္မတဘုရှ်က အီရတ်တွင် တိုက်ပွဲကြီးများ ပြီးဆုံးကြောင်း မေ ၁ ရက်တွင် ကြေညာခဲ့ချိန်မှစပြီး အီရတ်တို့၏ ခုခံတိုက်ခိုက်မှုများ အရှိန်မြင့်တက်လာခဲ့ရာ လေ့လာသူများ၏ အမြင်အရ အမေရိကန်တို့သည် ၎င်းတို့ မျှော်လင့်မထားသော အခြေအနေတစ်ရပ်အတွင်းသို့ ညှပ်ပူးညှပ်ပိတ် ကျရောက်နေကြောင်း ပြောဆိုမှုများ ထွက်ပေါ် လျက်ရှိသည်။

ပိုမိုကျယ်ပြန့်လာ

အီရတ်ရှိ ပြောက်ကျားခုခံစစ်များ အနေအထားနှင့် ပတ်သက်၍ ကမ္ဘာ့ဈေးကွက် ဗဟိုသုတေသနဌာနမှ အီရတ်ဆိုင်ရာ သုတေသီ ဆာချာဘက်ဂီလီနှင့် တွေ့ဆုံမေးမြန်းရာတွင် လွန်ခဲ့သည့် နှစ်ပတ်မှ သုံးပတ်အတွင်း အီရတ်၌ ပြောက်ကျားတိုက်ခိုက်မှုများ အရှိန်မြင့်လာခဲ့ကြောင်း၊ သီးခြားစီ တိုက်ခိုက်မှုကလေးများ ဖြစ်သော်လည်း ပိုမိုစနစ်တကျ ခုခံမှုပုံသဏ္ဌာန် အသွင်ဆောင်လာကြကြောင်း၊ ထို့အပြင် နိုင်ငံအတွင်း အမေရိကန်မုန်းတီးရေး စိတ်ဓာတ်များ ပိုမိုကျယ်ပြန့်လာကြောင်း ဆွေးနွေးသွားသည်။

ဆာချာ၏ အမြင်အရ အဆိုပါ ခုခံတိုက်ခိုက်မှုများကို အီရတ်ရှိ အစဉ်အလာအရ တန်ခိုးသြဇာကြီးမားသော ဆွန်နီအုပ်စုက ပြုလုပ်ဖွယ်ရှိကြောင်း၊ ဘာ့သ်ပါတီဝင်ဟောင်းများ၊ ဖေဒါယင်းပြည်သူ့စစ်အဖွဲ့များ၊ ယခင် ပြည်စောင့်တပ်ဖွဲ့ဝင်များကလည်း ခုခံတိုက်ခိုက်မှုများမှာ ဦးဆောင်ပါဝင်နိုင်ကြောင်း၊ ယခုလို အဆိုးသံသရာ လည်နေပါက နိုင်ငံရပ်ခြားမှ တိုက်ခိုက်သူများလည်း ပါဝင်လာနိုင်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်တို့က ခုခံတိုက်ခိုက်မှုများ လျော့ပါးသွားစေရန် ရည်ရွယ်ပြီး စစ်ဆင်ရေးများ ဆင်နွှဲကာ သင်္ကာမကင်းသူများကို ဖမ်းဆီးခြင်း၊ လက်နက်ခဲယမ်းများ ရှာဖွေခြင်းတို့ ဆောင်ရွက်ခဲ့ရာ ထိုလုပ်ရပ်များက အရပ်သားလူထုကို ပိုမိုဒေါသထွက်စေခဲ့ပြီး ပြောက်ကျားတပ်ဖွဲ့ဝင်သစ်များ တိုးပွားလာစေကြောင်းလည်း ပြောကြားခဲ့သည်။

စိတ်ဓာတ်ရေးရာ ကျဆင်း

ယခုလို အခြေအနေကို ဖြေရှင်းရန်မှာ နိုင်ငံရေးဆိုင်ရာ ဆွေးနွေးပွဲများကို အီရတ်လူမျိုးစုများ၊ ဘာသာရေးခေါင်းဆောင်များနှင့် ဆောင်ရွက်ရန်လိုကြောင်း၊ အမေရိကန်တပ်ဖွဲ့များသည် မျှော်လင့်မထားသော အခြေအနေတစ်ရပ်ကို ရင်ဆိုင်နေရကာ အပူဒဏ်အောက်တွင် ဇာတိဒေသနှင့် ကင်းကွာနေရပြီး လမ်းထောင့်တစ်နေရာဆီမှ မိမိကို သတ်ဖြတ်ရန် ကြိုးစားနေသည့် အန္တရာယ်ကို ကြောက်လန့်နေရသဖြင့် စိတ်ဓာတ်ရေးရာ ကျဆင်းလျက်ရှိကြောင်း၊ နိုင်ငံတကာ တပ်ဖွဲ့များ၏ အကူအညီကို ရယူပါမှ အီရတ်တွင် ငြိမ်းချမ်းရေးရောင်ခြည် တွေ့မြင်ရမည်ဖြစ်ကြောင်း အီရတ်သုတေသီ ဆာချာဘက်ဂီလီက စီအင်န်အင်န်သို့ ပြောကြားခဲ့သည်။

စီအင်န်အင်န်။

မြို့တော်ဘဂ္ဂဒက်တွင် အမေရိကန်စစ်သားတစ်ဦး ပစ်ခတ်ခံရ

ဘဂ္ဂဒက် ဇူလိုင် ၆

အီရတ်နိုင်ငံမြို့တော်ရှိ ဘဂ္ဂဒက်တက္ကသိုလ်တွင် ဇူလိုင် ၆ ရက်က အမေရိကန်စစ်သည်တစ်ဦး သေနတ်ဖြင့် ပစ်ခတ်ခံရသည်။ နေ့လယ်စာ စားသုံးရန် ကျောင်းသူ၊ ကျောင်းသားများ ပြင်ဆင်နေစဉ် အဆိုပါဖြစ်ရပ် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

အမေရိကန်စစ်သည် နှစ်ဦးသည် ဘဂ္ဂဒက်တက္ကသိုလ်၌ ကျောင်းသားများနှင့် စကားစမြည် ပြောဆိုနေစဉ် ကျောင်းသားတစ်ဦးက ၎င်းတို့ နောက်ကွယ်မှနေ၍ အနီးပါးသို့ ချဉ်းကပ်လာကာ ပစ္စတိုသေနတ်တစ်လက်ကို ထုတ်၍ အမေရိကန်စစ်သည်တစ်ဦး၏ ဦးခေါင်းကို အနီးကပ် ပစ်ခတ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

သေနတ်သံ ပေါ်ထွက်လာသဖြင့် ကျောင်းသူ၊ ကျောင်းသားများအတွင်း ရုတ်ရုတ် သဲသဲ ဖြစ်ပွားနေစဉ် အဆိုပါ သေနတ် သမားမှာ ခြေကျင်ထွက်ပြေးလွတ်မြောက်သွားသည်။ သေနတ်ဒဏ်ရာ ရရှိခဲ့ရသော အမေရိကန်စစ်သည်မှာ စိုးရိမ်ဖွယ်အခြေအနေတွင် ရှိနေကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ အီရတ်နိုင်ငံတွင် တိုက်ခိုက်ရေး စစ်ဆင်မှုလုပ်ငန်းများ ပြီးဆုံးသွားပြီဟု သမ္မတဘုရှ်က ထုတ်ပြန်ကြေညာခဲ့သည့် မေ ၁ ရက်နောက်ပိုင်း အမေရိကန်စစ်သည် ၁၉ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

ယင်းဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့က ဘဂ္ဂဒက်တက္ကသိုလ်တွင် လုံခြုံရေးကို တင်းကျပ်လိုက်ပြီး တက္ကသိုလ်ဝင်းအတွင်းသို့ ဝင်ရောက်မည့် လူများနှင့် ကားများကို ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ တက္ကသိုလ်ကျောင်းဝင်းအတွင်း အမေရိကန်စစ်သည် သေနတ်ဖြင့် ပစ်ခတ်ခံရမှု ဖြစ်ရပ်ကို ကြားသိရသော ကျောင်းသူ၊ ကျောင်းသားများမှာ အံ့သြတုန်လှုပ်ခဲ့ကြရသည်။

အမေရိကန်တပ်ဖွဲ့က အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်ထားခြင်းအတွက် ကျောင်းသူ၊ ကျောင်းသားများအတွင်း အမေရိကန် မုန်းတီးရေး စိတ်ဓာတ် ရှိနေပုံကို ထင်ဟပ်ဖော်ပြလျက်ရှိနေသည်။

အင်တာနက်။

ဇူလိုင် ၄ ရက်က အီရတ်နိုင်ငံ ကာဘာလာမြို့တွင် စစ်သွေးကြွဟု သင်္ကာမကင်းခံရကာ အဖမ်းခံရပြီးနောက် အမေရိကန်တပ်သားများက ပြန်လွှတ်ပေးခဲ့သည့်အီရတ်နိုင်ငံသားတစ်ဦးအား ဆွေမျိုးသားချင်းများက ဖက်လဲတကင်း ကြိုဆိုနှုတ်ဆက်နေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အစွန်းရောက်ဝါဒ လက်မခံနိုင်ဟု ပါကစ္စတန်သမ္မတ ပြောကြား

ပါရီ ဇူလိုင် ၆

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဗလီတစ်ခု၏ အပြင်ဘက်တွင် ရှီးယားမွတ်စလင် ၁၀ ဦးထက်မနည်းကို သေနတ်သမားများက ပစ်သတ်ခဲ့ပြီးနောက် ပြင်သစ်နိုင်ငံသို့ အလည်အပတ် ရောက်ရှိနေသော ပါကစ္စတန်သမ္မတ ပါဗက်ဇ်မူရှာရက်ဖ်က ယင်းကိစ္စနှင့် စပ်လျဉ်း၍ အစွန်းရောက်များကို ပါကစ္စတန်အစိုးရက အခိုင်အမာ အရေးယူမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

— သေနတ်ဖြင့်ပစ်ခတ် —

ပါကစ္စတန်အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ် မြို့တော်ကွက်တာရှိ ဗလီ၏ အပြင်ဘက်တွင် မည်သူမည်ဝါမှန်း မသိရသည့် သေနတ်သမားများက သေနတ်ဖြင့် ပစ်ခတ်စဉ် ရှီးယားမွတ်စလင် ၁၀ ဦးထက် မနည်း သေဆုံးပြီး ဒါဇင်ပေါင်းများစွာရှိ အခြားလူများ ထိခိုက်ဒဏ်ရာ သောကြာနေ့ စောစောပိုင်းက ရရှိသွားသည်။

ကျယ်ပြန့်သော ပြည်သူအများစုက မည်သည့်မူဝါဒအတွက် ကိုယ်စားပြုသည်ဖြစ်စေကာမူ ပါကစ္စတန်နိုင်ငံအား ဖျက်လိုဖျက်ဆီးလုပ်သည့် အဖျက်သမားအုပ်စု အနည်းငယ်ရှိကြောင်း ပါရီမှ မထွက်ခွာမီ သတင်းထောက်များအား မူရှာရက်ဖ်က ပြောကြားသည်။

— အရေးယူဖြေရှင်းမည် —

၎င်းကိစ္စအတွက် သတ်ဖြတ်သူများကို ပြင်းထန်စွာ အရေးယူရမည်ဖြစ်ကြောင်း၊ ယင်းတို့အား အားသွန်ခွန်စိုက် အရေးယူဖြေရှင်းမည်ဖြစ်ကြောင်းကိုလည်း မူရှာရက်ဖ်က ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးနေသည့် တရုတ်ပြည် အရှေ့ပိုင်း အင်ဟွိုင်ပြည်နယ် ဝမ်ဂျီယာဘာဒေသတွင် ဒေသခံများအား ဇူလိုင် ၆ ရက်၌ ရေဘေးကယ်ဆယ်ရေးပစ္စည်းများ ဝေငှနေစဉ်။ (ဓာတ်ပုံ-ဆင်ဟွာ)

ဦးခေါင်းချင်းဆက် အီရန်အမြွှာညီအစ်မ စင်ကာပူ၌ ခွဲစိတ်ကုသမှု စတင်

စင်ကာပူ ဇူလိုင် ၆

အီရန်လူမျိုး ဦးခေါင်းချင်းဆက် အမြွှာညီအစ်မ နှစ်ဦးကို စင်ကာပူနိုင်ငံရှိ ရာဖေးလ်ဆေးရုံတွင် ဇူလိုင် ၆ရက်က ခွဲစိတ်ကုသမှု စတင်ပြုလုပ်သည်။

စောင့်ဆိုင်းခဲ့ကြရ

မိမိတို့သည် ဦးခေါင်းချင်း တွယ်ဆက်လျက် နေထိုင်လာခဲ့ရသည်မှာ ၂၈ နှစ်တိုင်တိုင် ရှိခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့ကို တသီးတခြားစီ ခွဲထုတ်ကုသပေးမည့် ခွဲစိတ်ကုသမှု ခံယူနိုင်ရန် နှစ်ပေါင်းရှည်ကြာစွာ မိမိတို့ စောင့်ဆိုင်းခဲ့ကြရကြောင်း ၎င်းတို့နှစ်ဦးက ခွဲစိတ်ကုသမှုမခံယူမီ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ မိမိတို့ ညီအစ်မအတွက် ဆုတောင်းမေတ္တာ ပေးပို့ခြင်းနှင့် ငွေကြေးအရ ထောက်ပံ့ကူညီသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ခွဲစိတ်ကုသမှုလုပ်ငန်း အောင်မြင်ပါစေရန် ဝိုင်းဝန်းဆုတောင်းပေးစေလိုကြောင်း ၎င်းတို့က ပြောကြားကြသည်။

ဆုတောင်းပေးပါ

မျှော်လင့်ချက် ခွဲစိတ်ကုသမှု ဟူ၍ အမည်ပေးထားသော ခွဲစိတ်ကုသမှုဖြင့် ခက်ခက်ခဲခဲ တပူးတွဲတွဲ နေထိုင်ခဲ့ရသော မိမိတို့၏ဘဝ ဒုက္ခချုပ်ငြိမ်းပါစေကြောင်းနှင့် နှစ်လိုဖွယ်ရာကောင်းသော ဘဝသစ်ဖြစ်ပေါ်ရေးအတွက် ဆုတောင်းပေးပါရန် အမြွှာညီအစ်မ နှစ်ဦးက ပြောကြားကြသည်။

အလှူခံ

အဆိုပါ အမြွှာညီအစ်မနှစ်ဦးအား ခွဲစိတ်ကုသ ပေးပြီးနောက် ကျန်းမာရေး ပြုစု စောင့်ရှောက်မှု စရိတ်စက ဒေါ်လာ ငါးသိန်းခန့် ကုန်ကျမည်ဟု ခန့်မှန်းရပြီး ဖော်ပြပါ ငွေကြေးရရှိနိုင်ရန် အမြွှာညီအစ်မ နှစ်ဦးက အလှူခံမှုများ ပြုလုပ်ခဲ့သည်။

သို့ရာတွင် ယခုအချိန်ထိ ဒေါ်လာ ငါးသောင်းမျှသာ အလှူငွေများ ရရှိခဲ့သည်။ အမြွှာညီအစ်မ နှစ်ဦး၏ မိဘများမှာ သားသမီး များပြားပြီး ကြွယ်ဝချမ်းသာခြင်း မရှိသဖြင့် ဆေးဝါးကုသမှုစရိတ် စိုက်ထုတ်နိုင်စွမ်း မရှိပေ။ ရာဖေးလ်ဆေးရုံသည် ၎င်းတို့နှစ်ဦးအတွက် ခွဲစိတ်ကုသမှု မခံယူမီ ကာလအတွက် ဆေးရုံတက်ရောက်မှု စရိတ်စကများတွင် ကျခံမည်ဖြစ်ပြီး ခွဲစိတ်မှုတွင် ပါဝင်သည့်ဆရာဝန်များအားလုံးက အခကြေးငွေမယူဘဲ ကုသိုလ်ဖြစ် ဆောင်ရွက်ပေးမည်ဖြစ်သည်။

အင်တာနက်။

ကိုယ့်အားကိုယ်ကိုး ပထမဆုံးတူးဖော်အောင်မြင်ခဲ့သည့် မြန်မာနိုင်ငံ၏ အရှည်ဆုံးပုံညာတောင်ဥမင်

ချောင်းဦး–ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်းတွင် တစ်ဆက်တစ်စပ်တည်း ရထားခုတ်မောင်းနိုင်ရေးအတွက် ကျော၊နှင့် ရေမျက်နီတွင် ပုံညာတောင်ကြီးအား တူးဖောက်ရသည့်အပိုင်းသည် မြန်မာ့မီးရထားအနေဖြင့် နိုင်ငံခြားအကူအညီမပါဘဲ ပထမဆုံးတူးဖော်ခဲ့သည့် မြန်မာနိုင်ငံတွင် အရှည်ဆုံးရထားဥမင်တစ်ခုဖြစ်သည်။ မေ ၁၃ရက် နံနက်၉နာရီ ၉မိနစ်က ပေပေါင်း ၅၆၁၀အား အရှေ့အနောက်တိုးလျှိုပေါက် ပေါက်သွားပြီဖြစ်သည်။ (ပုံမှာ ဥမင်အတွင်းပိုင်းကွန်ကရစ်အချောကိုင်ရန် သံဖရိမ်များ တပ်ဆင်ထားသည်ကို ဇွန် ၁၅ရက်က ကြေးမုံက ဤသို့ မှတ်တမ်းတင်ခဲ့သည်။)

(ဓာတ်ပုံ–ရေချမ်းမြင့်)

မြေကြီးလုပ်ငန်းဆောင်ရွက်

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမြန်မာ့မီးရထားက ပခုက္ကူ–ဂန့်ဂေါ–ကလေးရထားလမ်း ကျော–ရေမျက်နီအပိုင်း ၂၆မိုင်ကိုဖောက်လုပ်လျက်ရှိရာ မြေကြီးလုပ်ငန်းကျင်းပေါင်း ၂၆သိန်း ဆောင်ရွက်ရမည်ဖြစ်သည်။ ၂၀၀၃ခုနှစ် မေ ၂၀ ရက်ထိ ဥမင်အရှေ့အနောက်ချဉ်းကပ်လမ်း နှစ်ဖက်၌ ကျင်းပေါင်း ၇၁၇၀၄၈ကျင်း ဆောင်ရွက်ပြီးပြီဟုသိရသည်။ (ပုံမှာ ပုံညာတောင် ဥမင်၏ အရှေ့ဘက် ချဉ်းကပ်လမ်းကြော ဘက်ခြမ်းတွင် ဆောင်ရွက်ပြီးဖြစ်သည့် မြေကြီးလုပ်ငန်း ၅၁သမ၂၅မိုင်အနက် တစ်စိတ်တစ်ဒေသကို ဇွန် ၁၅ရက်က ဤသို့ တွေ့ခဲ့ရသည်။)

(ဓာတ်ပုံ–ရေချမ်းမြင့်)



တံတားနှင့် ရထားလမ်းခင်းလုပ်ငန်းများ အချောသပ်

ရေမျက်နီ–ကျော ဥမင်ချဉ်းကပ်ရထားလမ်းပိုင်းဖောက်လုပ်ရေးလုပ်ငန်းတွင် ဥမင်အနောက်ဘက် မျက်မြောင်ဒေသတွင် တံတားနှင့်ရထားလမ်းများ အချောသပ်ပြီးစီးနေပြီဖြစ်သည်။ (ပုံမှာ တည်ဆောက်ပြီးတံတားများပေါ်၌ အချောသပ်ခင်းပြီးဖြစ်သော ရထားလမ်းများကို ဤသို့တွေ့ရစဉ်။)

(ဓာတ်ပုံ–ရေချမ်းမြင့်)

ပုံညာတောင် ဥမင် မြေအောက် ရေပေါက်ကြီးများ ခိုင်မာစွာတည်ဆောက်

ပုံညာတောင် ဥမင်ရထားလမ်းဖောက်လုပ်ရေးတွင် ပါဝင်သည့် ဥမင်ချဉ်းကပ်လမ်း ၂၆မိုင်တွင် မြေသားလုပ်ငန်း ၈ဒသမ ၃မိုင် ပြီးစီးပြီဖြစ်သည်။ ထိုမြေသားလုပ်ငန်းများမှာ တောတောင်ချိုင့်ဝှမ်းများကို ဖြတ်ကျော်ဖောက်လုပ်ရသည်ဖြစ်၍ ဖို့မြေများ တောင်ကျရေကြောင့် ပျက်စီးမှုမရှိစေရန် မြေအောက် ရေပေါက်ကြီးများကိုလည်း ခိုင်မာစွာတည်ဆောက်ကြရသည်။ (ပုံမှာ ဥမင်အရှေ့ချဉ်းကပ်လမ်းတွင် မြေအောက်ရောက်သွားမည့် ရေပေါက်ကြီးတစ်ခုတည်ဆောက်နေသည်ကို ဇွန် ၁၅ရက်က ဤသို့တွေ့ခဲ့ရသည်။)

(ဓာတ်ပုံ–ရေချမ်းမြင့်)



အလုပ်ဖြစ်နိုင်မည့် မြန်မာနိုင်ငံရေးချဉ်းကပ်မှုသစ်

[၂၀၀၃ခုနှစ် ဇွန်လ ၂၅ရက်နေ့ထုတ် နေးရှင်းသတင်းစာပါ ဆောင်းပါးရှင် David Oldfield ၏ A new approach towards Burma just might work ကို မြန်မာဘာသာသို့ ပြန်ဆိုဖော်ပြပါသည်။]

ဒေါ်စုကြည်နှင့် အင်န်အယ်လ်ဒီတို့အနေဖြင့် တပ်မတော်နှင့် တွေ့ဆုံဆွေးနွေးရေး ၎င်းတို့၏ ကြိုတင်သတ်မှတ်ချက်အချို့ကို လျှော့ပေးသင့်သည်။

ဒေါ်စုကြည်နှင့် ၎င်း၏အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အင်န်အယ်လ်ဒီ) ပါတီတို့ ပါဝင်ပတ်သက်သည့် မေလ၃၀ရက်နေ့ အဖြစ်အပျက် ပေါ်ပေါက်ပြီးကတည်းက နိုင်ငံရေးရင်ကြားစေ့ရေးအတွက် အင်န်အယ်လ်ဒီနှင့် တွေ့ဆုံဆွေးနွေးရန် မြန်မာနိုင်ငံမှ အာဏာရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အေးချမ်းဖြိုး)အပေါ် ပြည်ပမှ ထပ်မံဖိအားပေးမှုများမှာ အရှိန်အဟုန်ဖြင့် တိုးမြင့်လာသည်။

တွေ့ဆုံဆွေးနွေးပြီး နိုင်ငံရေးအရအဖြေရှာစေရန် မြန်မာနိုင်ငံအား တင်းကျပ်သော ပိတ်ပင်မှုများပြုလုပ်မည့် ဥပဒေကြမ်းများကို အမေရိကန်ပြည်ထောင်စု၏ အထက်လွှတ်တော်အမတ်များရော၊ အောက်လွှတ်တော်အမတ်များပါ ဆွေးနွေးလာကြသည်။ ဥရောပသမဂ္ဂ (အီးယူ)ကလည်း အလားတူ စီးပွားရေး ပိတ်ပင်မှုများပြုလုပ်ရေးဆွေးနွေးကြသည်။ ထို့ပြင် အာဆီယံအဖွဲ့ကပါ တစ်နိုင်ငံ၏ ပြည်တွင်းရေး အခြားတစ်နိုင်ငံက မစွက်ဖက်ရေး အစဉ်အလာ ထိန်းသိမ်းလာခဲ့သည့်မူကို ချိုးဖောက်ပြီး ဒေါ်စုကြည်ကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုလာကြသည်။

ကုလသမဂ္ဂအဖွဲ့သည် အေးချမ်းဖြိုးနှင့် အင်န်အယ်လ်ဒီ မျက်နှာချင်းဆိုင် ဆွေးနွေးရန် ကြိုးပမ်းခဲ့ပြီးဖြစ်သော်လည်း နှစ်အတန်ကြာတွင် ယခုတိုင်အောင်ပင် တစ်ဖက်နှင့်တစ်ဖက် ခမ္မာသောကဖြစ်လျက်ပင် ရှိသေးသည်။ ဤကဲ့သို့သော ရှေ့မတိုး နောက်မဆုတ် လိပ်ခဲတည်းလည်းဖြစ်မှု မည်မျှအထိ ဆက်လက်ပြီး ရှည်ကြာနေဦးမည်မှာ တပ်အပ်သေချာ မပြောနိုင်သည့် အရာပင်ဖြစ်သည်။ သို့သော် စစ်မှန်သော တွေ့ဆုံဆွေးနွေးမှုကို ဖော်ဆောင်ပြီး နောက်ဆုံးနိုင်ငံရေး ရင်ကြားစေ့နိုင်မည့် နိုင်ငံရေးပကတိအခြေအနေပေါ်မူတည်သော ချဉ်းကပ်မှုသစ်တစ်ရပ်ကို ရှာကြံဖို့ အချိန်တန်နေပြီဖြစ်သည်။

ဒါဖြင့် မြန်မာနိုင်ငံမှ နိုင်ငံရေးပကတိအခြေအနေကား ဘာလဲ၊ ဤမေးခွန်း၏ အဖြေမှာ အေးချမ်းဖြိုးသည် အစိုးရအာဏာကိုလည်း ရယူထားသည့်ပြင် ပထဝီအနေအထားအရ လည်းကောင်း၊ လက်တစ်ဆုပ်စာသော အကြွင်းအကျန် သူပုန်များ၏ အမာခံနယ်မြေများ ဖြစ်နေ၍လည်းကောင်း၊ ထိုဝေးလံခေါင်းပါးသော ဒေသများမှအပ နိုင်ငံတော် တစ်နံတစ်လျားရှိ ဒေသအများစုမှ အစိုးရ ယန္တရားအဖွဲ့အစည်းအားလုံးကိုလည်း ကိုင်တွယ်ထားသည်။

အင်န်အယ်လ်ဒီပါတီအနေဖြင့် ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲတွင် အပြတ်အသတ် အနိုင်ရထားသည်မှာ မှန်ကောင်းမှန်ပေလိမ့်မည်။ အကြောင်းကတော့ လက်ရှိအစိုးရသည် တရားဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ အေးချမ်းဖြိုးအနေဖြင့် နိုင်ငံတော်ကိုအုပ်ချုပ်ပြီး တပ်မတော်အနေဖြင့် ၁၉၆၂ခုနှစ်ကတည်းက နိုင်ငံကို အုပ်ချုပ်လာသည်ဆိုသောအချက်မှာ လျစ်လျူပြု၍မရပေ။

ရင်ကြားစေ့ရေး ချဉ်းကပ်မှုတစ်ရပ်အနေဖြင့် ဘာ့ကြောင့် နိုင်ငံရေးပကတိဖြစ်ရပ်အပေါ် အခြေခံရန်လိုအပ်ပါသလဲ၊ လက်ရှိချဉ်းကပ်မှုများကိုကြည့်လျှင် တွေ့ဆုံဆွေးနွေးရေးအတွက် အင်န်အယ်လ်ဒီ၊ ကုလသမဂ္ဂနှင့်အခြားသူများက လှုံ့ဆော်ရာ၌ အင်န်အယ်လ်ဒီကို အနောက်တိုင်းပုံစံ ဒီမိုကရေစီ ပေမီ၊ဒေါက်မီ အဖွဲ့အဖြစ် သဘောထားကာ တွေ့ဆုံဆွေးနွေးရေးနှင့် အဆုံးစွန် နိုင်ငံရေး ရင်ကြားစေ့ရေးအတွက် ကြိုတင်စည်းကမ်းသတ်မှတ်ရာမှာ အင်န်အယ်လ်ဒီကို အခွင့်အရေးပေးပြီး နိုင်ငံတော်၌ အာဏာရှိသည့် အေးချမ်းဖြိုးကိုတော့ ထိုထိုသောသတ်မှတ်ချက်တွေကို လိုက်နာစေ ဆိုသည့်ကိန်း ဆိုက်နေသည်ကို တွေ့ရသည်။ ထိုသို့သော ချဉ်းကပ်မှုမျိုးက အစိုးရအနေဖြင့် အင်န်အယ်လ်ဒီကို အကြောင်းမဲ့ အလျှော့ပေးရမည်ဟု အကြံပြုတိုက်တွန်းခြင်းဖြစ်သည်။ သို့သော် ယင်းမှာ နိုင်ငံရေး ပကတိအခြေအနေကို မလေးမစားပြုခြင်းဖြစ်သည်။ အင်န်အယ်လ်ဒီ၊ ကုလသမဂ္ဂ၊ အမေရိကန်နှင့် အီးယူတို့ မကြိုက်သည်ဖြစ်စေ၊ ကြိုက်သည်ဖြစ်စေ ဤကိစ္စ၌ အစိုးရက ချုံထားသည်။

လက်ရှိ ချဉ်းကပ်နည်းမှာ တပ်မတော်၏ အကျိုးစီးပွားနှင့် တပ်မတော်နှင့် စပ်ဆိုင်သည်တို့ကိုအလေးမထား ပေယျာလကန်ပြုထားသည်။ထို့ပြင် ဤချဉ်းကပ်မှုမျိုးဖြင့် တွေ့ဆုံဆွေးနွေးပွဲမှာ ဖြစ်မြောက်အောင်မြင်မည် မဟုတ်ပေ။ အစိုးရကို အကျိုးမရှိသည့် အရာထားသော နိုင်ငံရေး ရင်ကြားစေ့ရေးအတွက် အင်န်အယ်လ်ဒီက ကြိုတင်သတ်မှတ်ချက်များကို စွဲကိုင်နေသမျှ ကာလပတ်လုံး အေးချမ်းဖြိုးက တွေ့ဆုံဆွေးနွေးရေးကို အချိန်ဆွဲရန် အသင့်ရှိသည်။ ဤသို့သော အခြေအနေတွင် နိုင်ငံရေးတွင်ဖြစ်စေ၊ သို့မဟုတ် စီးပွားရေးတွင်ဖြစ်စေ စဉ်းစားချင့်ချိန်တတ်သူ တစ်ဦးသည် အေးချမ်းဖြိုးက ဆောင်ရွက်နေသကဲ့သို့ ဆောင်ရွက်မည်သာဖြစ်သည်။

တစ်ဦးက အပေါ်စီးမှနေသည့်အခါတွင် ကျန်တစ်ဦးက အားနည်းသည့် အနေအထားဖြင့် စေ့စပ်ဆွေးနွေးရန် ကမ်းလှမ်းမည် မဟုတ်ပေ။

တွေ့ဆုံဆွေးနွေးရေးနှင့် ရင်ကြားစေ့ရေးအတွက် ကြိုတင်စည်းကမ်းချက်အချို့ကို လျှော့ပေးရန် ဒေါ်စုကြည်နှင့် အင်န်အယ်လ်ဒီကိုတိုက်တွန်းဖို့ မည်သူမျှ စဉ်းစားလိုဟန် မရှိပေ။ ယင်းမှာ တွေ့ဆုံဆွေးနွေးပွဲပြန်စဖို့ တစ်နည်းတစ်ဖုံ ချဉ်းကပ်မှု၏ အခြေခံပင်ဖြစ်သည်။

အင်န်အယ်လ်ဒီသည် တွေ့ဆုံဆွေးနွေးရေးနှင့် နိုင်ငံရေးရင်ကြားစေ့ရေး အတွက် တောင်းဆိုချက်များနှင့် ကြိုတင်စည်းကမ်းသတ်မှတ်ချက်များကို ခေါင်းမာစွာ ဆုပ်ကိုင်ထားသည်။ အေးချမ်းဖြိုးနှင့် အပေးအယူပြုလုပ်ရန် ဒေါ်စုကြည်၏ ဆန္ဒမရှိမှုအပေါ် စိတ်ကုန်လာသည့် အင်န်အယ်လ်ဒီပါတီမှ အောက်ခြေပါတီဝင်များ မြန်မာနိုင်ငံ၌ရှိပါသည်။ ဒေါ်စုကြည်ကို သူတို့ထောက်ခံစဉ်က ဒေါ်စုကြည်သည် နိုင်ငံရေး ရင်ကြားစေ့ရေးအတွက် တောင်းဆိုရာတွင် လိုက်လျောမှုမရှိသည့်ပြင် သဘာဝမကျကြောင်း ပါတီအောက်ခြေထုက ထောက်ပြကြသည်။

ပြီးခဲ့သော နှစ်အနည်းငယ်အတွင်းက အင်န်အယ်လ်ဒီပါတီအတွင်း၌ အုပ်စုတစ်စု ထွက်ပေါ်လာခဲ့သည်။ ထိုအုပ်စုသည် ပါတီ၏ ရပ်တည်ချက်အချို့ကို စွန့်လွှတ်လိုသော သဘောထားရှိသည်။ ထိုသို့ စွန့်လွှတ်ခြင်းမှာ နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးပွဲကို ရှေ့တိုး၍ ဆောင်ရွက်နိုင်စေရန်အတွက် ဖြစ်သည်။ သို့ရာတွင် အင်န်အယ်လ်ဒီပါတီခေါင်းဆောင်ပိုင်းက ထိုအုပ်စုသည် အစိုးရ၏ အကျပ်ကိုင်ခံရသည် သို့မဟုတ် အစိုးရထံမှ လာဘ်ထိုးခြင်းခံရသည်ဟုမြင်သည်။ ပါတီ၏ စည်းလုံးမှုကို ဖြိုခွဲရန် ကြံစည်ခြင်းဖြစ်သည်ဟု စွပ်စွဲခဲ့ကြသည်။ အင်န်အယ်လ်ဒီပါတီ၏ လက်ရှိတင်းမာသော ရပ်တည်ချက်သည် ပါတီကို ထောက်ခံသူများ၏ သဘောထားအမှန်ပင်ဖြစ်သလား။ သို့တည်းမဟုတ် အချို့သော ပါတီထောက်ခံသူများသည် အရှိတရားကိုလက်ခံကြပြီး နိုင်ငံ၏ အခြေအနေကို ရှေ့သို့တိုးရန် ပါတီ၏ရပ်တည်ချက်ကို လျှော့ပေါ့ပေးလိုခြင်းဖြစ်ပါသလားဟု စောကြောရန် ရှိပါသည်။

အင်န်အယ်လ်ဒီပါတီနှင့် ပါတီကို စိတ်ဓာတ်ရေးရာအရ ထောက်ခံအားပေးကြသော ပြည်ပအစိုးရများသည် လက်ရှိအေးချမ်းဖြိုးအစိုးရအပေါ် တောင်းဆိုမှုများ ပြုလုပ်ထားကြသည်။ လက်ရှိအစိုးရက ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုရေးဟူသောအချက်သည် တောင်းဆိုချက်များတွင် ပါဝင်သော အချက်တစ်ချက်ဖြစ်သည်။ ထိုတောင်းဆိုချက်နှင့် ပတ်သက်၍ အင်န်အယ်လ်ဒီပါတီက အလျှော့မပေးဘဲထားသောအချက်သည် နှစ်ဦးနှစ်ဖက်တို့ တွေ့ဆုံဆွေးနွေးပွဲကို ရှေ့မတိုးနိုင်အောင် ဖြစ်စေသော အဓိကအကြောင်းရင်းတစ်ရပ် ဖြစ်ပေသည်။ ထိုအချက်များကို အစိုးရအဖွဲ့က လိုက်လျောလိမ့်မည်ဟု ယူဆမည်ဆိုလျှင် နုံရာ၊ အ,ရာ ကျပေလိမ့်မည်။

အင်န်အယ်လ်ဒီပါတီအနေဖြင့် ထိုတောင်းဆိုချက်အပေါ် အသေဆုပ်ကိုင်ထားမည်ဆိုပါက နှစ်ဦးနှစ်ဖက်တို့၏ အပြုသဘော တွေ့ဆုံဆွေးနွေးမှု ဖြစ်ပေါ်လာရေးမှာ အလားအလာ မရှိနိုင်ပေ။ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးရေး၊ အခြေခံဥပဒေပြဋ္ဌာန်းရေး စသည့်တောင်းဆိုချက်များသည် အင်န်အယ်လ်ဒီပါတီ၏ တောင်းဆိုချက်တွင် ပါဝင်သော အခြားတောင်းဆိုချက်များဖြစ်သည်။ ထိုတောင်းဆိုချက် နှစ်ရပ်သည် လက်ရှိအစိုးရအပေါ် စိန်ခေါ်မှု သိပ်မရှိသဖြင့် စစ်အစိုးရအနေဖြင့် သဘောတူလိုက်လျောနိုင်သော အနေအထားရှိသည်။

၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်သည် လက်ရှိအခြေအနေတွင် မြန်မာပြည်သူများ၏အမြင်သဘောထားနှင့် ကိုက်ညီမှုရှိပါသေး၏လော။ အကယ်စင်စစ် ရွေးကောက်ပွဲပြီးချိန်နှင့် ၁၃နှစ်တာ ကွာခြားနေပြီဖြစ်သည်။ အခြေအနေများ ယခင်ကနှင့် မတူတော့ဘဲ အများအပြား ပြောင်းလဲသွားပြီဖြစ်ရာ ထိုစဉ်က ရလဒ်သည် ၂၀၀၃ခုနှစ် ပြည်သူ့သဘောထားကို ကိုယ်စားပြုကောင်းမှ ပြုပေလိမ့်မည်။ ဥပမာပေးရလျှင် လူမျိုးစုလက်နက်ကိုင်အုပ်စုအများစုသည် အစိုးရနှင့် တိုက်ခိုက်နေသောအချိန်အခါ မဟုတ်တော့။ ငြိမ်းချမ်းရေးပင် သဘောတူ တည်ဆောက်နိုင်ခဲ့ကြပြီဖြစ်သည်။

လိုရင်းကို အတိုချုံ့၍ တင်ပြရလျှင် နှစ်ဦးနှစ်ဖက် တွေ့ဆုံဆွေးနွေးကြရာ၌ အဓိကအချက်နှစ်ချက် ပါဝင်ရန် လိုအပ်ပေသည်။

ပထမအချက်မှာ လက်ရှိစစ်အစိုးရ၏ ပကတိအခြေအနေနှင့် ယင်း၏ အနာဂတ် မြန်မာပြည်အတွက် ထားရှိသောအမြင်များကို အင်န်အယ်လ်ဒီပါတီ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် ကမ္ဘာတစ်လွှားရှိ အစိုးရများက အသိအမှတ်ပြုကြရပေလိမ့်မည်။ ပစ်ပယ်ရမည် မဟုတ်ပေ။ ထိုသို့မဟုတ်ဘဲ အေးချမ်းဖြိုး အစိုးရအပေါ် ဖိအားသာပေးနေမည်ဆိုပါက တွေ့ဆုံဆွေးနွေးရေးလုပ်ငန်းစဉ်သည် ရှေ့တိုးနိုင်လိမ့်မည် မဟုတ်ပေ။

ဒုတိယအချက်မှာ အင်န်အယ်လ်ဒီပါတီအနေဖြင့် ၎င်း၏တောင်းဆိုမှုများ အနက် အချို့ကို လိုက်လျောမှုပြုပြီး တွေ့ဆုံဆွေးနွေးမှုကို ပြန်လည်စတင်မှု ပြုလုပ်ရန်ပင်ဖြစ်သည်။ အင်န်အယ်လ်ဒီပါတီသည် လက်ရှိအစိုးရအပေါ် ဩဇာသက်ရောက်နိုင်မှု မပြုနိုင်သောကြောင့် ယင်းပါတီအနေဖြင့် လိုက်လျောမှုကို ပြုလုပ်ရန် လိုအပ်ပေသည်။ ဒီမိုကရေစီကာလသို့ ရောက်အောင်သွားရာ၌ တစ်စုံတစ်ရာသော ကြားကာလ အသွင်ကူးပြောင်းချိန်ရှိပေလိမ့်မည်။ (ထိုအတောအတွင်း အင်န်အယ်လ်ဒီပါတီအနေဖြင့် "လုံးလုံးအာဏာရယူရေး၊ သို့မဟုတ် အာဏာခွဲဝေမယူ"ဟူသော သဘောထားမှာ အခြေအနေနှင့် ကိုက်ညီမှုမရှိပေ။) အင်န်အယ်လ်ဒီပါတီအနေဖြင့် ပျော့ပျောင်းသောအနေအထားဖြင့် ဆက်ဆံမည်ဆိုပါက တပ်မတော်အစိုးရသည်လည်း ၎င်းအပေါ်သက်ရောက်နေသည့် ဥရောပနိုင်ငံများ၏ နိုင်ငံရေးနှင့် စီးပွားရေး ဖိအားပေးမှုများကို သက်သာသွားစေရန်၊ အနာဂတ်ကာလတွင် လိုက်လျောမှုများပြုလုပ်လာစေရန် လှုံ့ဆော်ပေးသကဲ့သို့ ရှိပေသည်။

အကြံပြုချက်တစ်ရပ်မှာ ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်မှာ မျက်မှောက်ကာလတွင် ခေတ်မီ၊ကိုက်ညီမှုမရှိဟူသောအချက်ကို လက်ခံသဘောတူရန်ပင် ဖြစ်သည်။ ထိုသို့သဘောတူပြီးနောက် အဓိပ္ပာယ်ရှိသောဆွေးနွေးမှုကို အေးချမ်းဖြိုး အစိုးရနှင့်ပြုလုပ်ကာ မည်သည့်အချိန်၊ မည်သည့်ကာလတွင် မည်သို့သောနည်းဖြင့် ရွေးကောက်ပွဲအသစ်တစ်ရပ် ကျင်းပနိုင်ရေးကိစ္စကိုသာ ဆွေးနွေးသွားရန် ဖြစ်သည်။ ဤနေရာတွင် အချို့သောသူများက စောဒကတက်စရာရှိပေသည်။ တပ်မတော်အစိုးရသည် ရွေးကောက်ပွဲရလဒ်အသစ်ကို အလေးမထားအသိအမှတ်မပြုလျှင် မည်သို့လုပ်မည်နည်းဟု မေးနိုင်စရာရှိသည်။ ထိုအခြေအနေမျိုး ဖြစ်ပေါ်လာလျှင် ယခုအခြေအနေထက်ပို၍ဆိုးသည်ဟုဆိုနိုင်ပါမည်လောဟု စောဒကတက်နိုင်ပါသည်။ အကယ်၍သာ ဆွေးနွေးမှုကြောင့် အောင်မြင်သော ရွေးကောက်ပွဲအသစ် ကျင်းပနိုင်မည်ဆိုလျှင် အေးချမ်းဖြိုးရော အင်န်အယ်လ်ဒီပါတီတို့ပါ အနာဂတ်မြန်မာနိုင်ငံတွင် ထိုက်သင့်သောနေရာအသီးသီး ရနိုင်ကြပေလိမ့်မည်။ ထို့အပြင် နှစ်ဦးနှစ်ဖက်တို့သည်လည်း မျက်နှာပျက်စရာ မရှိတော့ပေ။

အထက်ဖော်ပြပါအတိုင်း အလှည့်အပြောင်း ပြုလုပ်ချဉ်းကပ်ခြင်းဖြင့် အေးချမ်းဖြိုး အစိုးရအဖွဲ့နှင့် အင်န်အယ်လ်ဒီပါတီတို့သည် တွေ့ဆုံဆွေးနွေးမှု ပြန်လည်စတင်နိုင်ပြီး နိုင်ငံရေး ရင်ကြားစေ့မှု ဖြစ်ပေါ်လာနိုင်ပါမည်လော။ အဖြေကို ကံသေကံမ အာမခံနိုင်မည် မဟုတ်ပါ။ သို့သော် နိုင်ငံရေးတွင် မည်သည့်ကိစ္စမှ သေချာပေါက်ဖြစ်မည်ဟူ၍ မဆိုနိုင်ပေ။ သို့ရာတွင် ကျွန်ုပ်တို့ အသေအချာသိသော အချက်ကားရှိပါသည်။ ထိုအချက်မှာ မြန်မာနိုင်ငံတွင် သန်းနှင့်ချီ၍ ရှိနေသော ပြည်သူများသည် အလွန်ဆင်းရဲသော အခြေအနေတွင် ရှိနေကြသည်။ ထိုပြည်သူများအနေဖြင့် အေးချမ်းဖြိုး အစိုးရအဖွဲ့နှင့် အင်န်အယ်လ်ဒီပါတီတို့ ရှေ့တစ်လှမ်းတိုးလာမည့်အချိန်ကို ကြာကြာစောင့်ဆိုင်းမနေနိုင်ကြတော့ ဟူသောအချက်ပင်ဖြစ်ပေသည်။

(ဆောင်းပါးရှင် David Oldfield သည် ပါရဂူဘွဲ့ရသူတစ်ဦးဖြစ်ပြီး Brooker Policy Research Co., Ltd.၏ ဒုတိယဥက္ကဋ္ဌ ဖြစ်ပါသည်။)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၄:၁၅** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၂၅** ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၄:၃၅** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၅၅** ၇။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်
  - (က) ပထမနှစ် (ဒဿနိကဗေဒ)
  - (ခ) ပထမနှစ်(အရှေ့တိုင်းပညာ)
- **၅:၃၀** ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
- **၅:၄၅** ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၂။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၃။ မိုးလေဝသသတင်း
- **၆:၂၅** ၁၄။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း: နှလုံးလှဆရာဝန် (အပိုင်း-၇)**
- **၈:၀၀** ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၈။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
  - ၁၉။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း: မုန်တိုင်းကြားကမြစ်တစ်စင်း (အပိုင်း-၃)**
  - ၂၁။ သင့်အတွက်မနက်ဖြန်
  - ၂၂။ အပိတ်နှုတ်ဆက်စကား
  - ၂၃။ ပြီးပါပြီ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၈-၇-၂၀၀၃ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကတိပိဋကရေ၊ မေ္ဘာဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၀ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၈။ ဆင်ဖြူရှင်တံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Grammar Made Easy.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use.
- ၄:၄၀ ၄။ တေးဂီတအစီအစဉ်
- ၄:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒ၊ ရုက္ခဗေဒ) အထူးပြုများ) (သတ္တဗေဒ)
- ၅:၀၅ ၆။ ခံစားနားဆင်တေးဇာတ်ဝင်
- ၅:၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၅:၃၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၃၀ ၉။ ညနေခင်းသတင်း
- ၇:၀၀ ၁၀။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၁။ တေးဂီတအစီအစဉ်
- ၇:၁၅ ၁၂။ ကော်ဖီ (အပိုင်း-၁)
- ၇:၂၅ ၁၃။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၇:၄၀ ၁၄။ မူးယစ်ဟူက တိုက်ဖျက်ကြ (အပိုင်း-၂)
- ၈:၀၀ ၁၅။ ပြည်တွင်းသတင်း
  - ၁၆။ နိုင်ငံတကာသတင်းများ
  - ၁၇။ မိုးလေဝသအခြေအနေ
  - ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာ (အပိုင်း-၅)**
  - ၁၉။ နောက်တစ်နေ့အစီအစဉ်
  - ၂၀။ အစီအစဉ်ပြီး၏။

ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ(၄)

စကား စကား ပြောပါများ

၂၀၀၃ ခုနှစ်၊ မေလ ၆ ရက်နေ့၊ ၀၅:၀၀ နာရီ။

"အန်တီစု" ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ ရန်ကုန်ကနေ ကားနှစ်စီးနဲ့စထွက်ပြီး ယာဉ်မောင်း ဦးစိန်ဝင်း မောင်းနှင်တဲ့ ဒိုင်နာကားအဖြူရောင်ကတော့ တနင်္သာရီ တိုင်း/စည်း ဥက္ကဋ္ဌ ဦးလှမင်း၊ လူငယ်စည်းရုံးတာဝန်ခံ အောင်ထူး၊ လူငယ်လုံခြုံရေးအဖွဲ့ဝင် ကျော်ဇင်ဝင်းနဲ့ ဗဟန်းမြို့နယ် အတွင်းရေးမှူး ထွန်းမြင့်တို့ ငါးယောက်ကို တင်ပြီး မနက်သုံးနာရီကတည်းက ကြိုထွက်သွားလေရဲ့။

ကျွန်တော်ဒီတစ်ခေါက် ခရီးထွက်ရတာ ခါတိုင်း ခရီးစဉ်တွေလို လန်းဆန်းတက်ကြွမှုတွေ မဖြစ်ဘဲ စိတ်တွေလေးနေသလိုပဲ။ ခရီးစဉ်အတွင်း တစ်နေရာမဟုတ် တစ်နေရာမှာ တစ်ခုခုဖြစ်မယ်ဆိုတာကြီးကို ကြိုသိနေသလိုမျိုး စိုးရိမ်စိတ်တွေက ဖိစီးနေတယ်။ ဘေးလူတွေမသိအောင် စိတ်ထဲကနေ သိသမျှ၊ တတ်သမျှ ဘုရားစာတွေ၊ ဂုဏ်တော်တွေပဲ ရွတ်နေမိတယ်။ ဒီလိုနဲ့ တစ်နေကုန် မောင်းလိုက်၊ ရပ်လိုက်၊ နားလိုက်နဲ့ ခရီးဆက်လိုက်ကြတာ ည ၁၂ နာရီကျော်မှ မန္တလေးကို ရောက်တယ်။ သက်ပြင်းတစ်ချက်တော့ စိတ်ချလက်ချ ချနိုင်ခဲ့ပါပြီ။

မေလ ၇ ရက်နေ့။

မန္တလေးမှာပဲ အချိန်ကုန်သွားတယ်။ "အန်တီစု" ကတော့ တိုင်း/စည်းမှူးတွေဖြစ်တဲ့ ဦးဘိုခ၊ ဦးဘာဘာ၊ ဦးသိန်းခ၊ ဦးထွန်းမြိုင်တို့နဲ့ တွေ့ဆုံပြီး ကချင်ပြည်နယ် ခရီးစဉ်အတွင်း ဆောင်ရွက်မယ့် ဆိုင်းဘုတ်တင်ရေး ကိစ္စ၊ လူငယ်အဖွဲ့ – ဖွဲ့စည်းခြင်းဆိုင်ရာ ကိစ္စတွေ ညှိနှိုင်းအပြီးမှာ ဘာတွေ ဘယ်လို ကြားထားသလဲတော့ မသိဘူး။ မန္တလေးတိုင်း အင်န်အယ်လ်ဒီ အဖွဲ့ဝင် တစ်ဦးက ကျွန်တော့်ကို ဘာမေးလာသလဲဆိုတော့ အဖွဲ့ချုပ်က ရေးဆွဲထားတဲ့ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(မူကြမ်း) မှာပါရှိတဲ့ နိုင်ငံရေး၊ ကျန်းမာရေးနဲ့ ပညာရေးဆိုင်ရာ မူဝါဒတွေ ပြုပြင်ပြောင်းလဲဖို့ "စီအီးစီ" အစည်းအဝေး ခေါ်ယူပြီး ညှိနှိုင်းတဲ့အခါ ဦးစိုးမြင့်နဲ့ ဦးလှဖေတို့က ကန့်ကွက်တဲ့အတွက် ဆုံးဖြတ်ချက် မချဖြစ်ဘူးဆိုတာ ဟုတ်သလားတဲ့။

ကျွန်တော် မျက်လုံးပြူးသွားတယ်။ မန္တလေးတိုင်း အင်န်အယ်လ်ဒီ အဖွဲ့ဝင်တစ်ဦး ပြောလာမှပဲ ကျွန်တော်တို့ "အင်န်အယ်လ်ဒီ" ပါတီမှာ ကိုယ်ပိုင်နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(မူကြမ်း) ရှိနေတာကို ကျွန်တော်တို့ သိခဲ့ရတယ်။ ဟုတ်တော့ ဟုတ်နေပြီ ကျွန်တော်တို့ မျှော်လင့်ထားတာတွေ အားလုံးက စိတ်ကူးယဉ် အိပ်မက်တွေ ဖြစ်နေပါလား။ ဟုတ်တယ်လေ၊ ကျွန်တော်တို့ပါတီက လူနှစ်ယောက် တစ်ပိုင်း စုဖွဲ့ရေးသားထားတဲ့ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ(မူကြမ်း)ဆိုတာက ကျွန်တော်တို့ နိုင်ငံအတွက် ဘယ်လောက်အထိ အာမခံချက်တွေ ပေးနိုင်မှာမို့လို့လဲ။

တကယ်ကျတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေလို့ပဲ ခေါ်ခေါ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေလို့ပဲဆိုဆို အဲဒီဥပဒေက နိုင်ငံတော်ရဲ့ အသက်ပဲ။ နိုင်ငံတော်ရဲ့ အသက်တမျှ တန်ဖိုးရှိလှတဲ့ ဥပဒေတစ်ရပ်ကို လူနှစ်ယောက် တစ်ပိုင်းက ရေးလို့ရသလား။ ဒီလို ကိုယ်ပိုင်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးသားမှုကို အသိအမှတ်ပြုလက်ခံတယ် ဆိုကတည်းက ကျွန်တော်တို့ ပါတီခေါင်းဆောင်ပိုင်းတွေ နိုင်ငံတော်ရဲ့ အနာဂတ် အမျိုးသား နိုင်ငံရေး လုပ်ငန်းစဉ်ကြီးအပေါ် မရိုးသားတော့ဘူးဆိုတာ ပေါ်လွင်နေပြီ။ ကျွန်တော်တို့မှာတော့ မျှော်လင့်လိုက်ရတာ။

အဲဒီကိစ္စတွေနဲ့ ပတ်သက်ပြီး ကျွန်တော်တို့လို ပါတီဝင်တွေ အပိုင်းကရော ဘာမှ ဝင်ရောက်ပြောဆို ဆွေးနွေးခွင့်မရှိဘူးလား။ ကျွန်တော် ရင်ထဲမှာ အဲဒီ ကိစ္စနဲ့ ပတ်သက်ပြီး ပြောစရာစကားတွေ အများကြီး။ ပါတီအတွင်း ဒီမိုကရေစီကျင့်စဉ်တွေ လုံးပါးပါးရာကနေ ပျောက်ခြင်းမလှ ပျောက်ဆုံးသွားမှုကို သိပါလျက်နဲ့ ပြန်ရလိမ့်နိုးနိုး မျှော်လင့်နေကြတဲ့ ကျွန်တော်တို့တစ်တွေ (ကျွန်တော့်လို လူစားတွေ) ဘာကြောင့်များ "အင်န်အယ်လ်ဒီ"ပါတီကို တွယ်ဖက်နေမိတာပါလိမ့်။ ကိုယ့်ဘာသာကိုယ် မေးခွန်း ပြန်ထုတ်ကြည့် လိုက်တော့ ရင်ထဲက မွန်းကျပ်မှုတစ်ခုကိုပဲ မည်မည်ရရ ပြစရာမရှိတဲ့ အဖြစ်။

ညနေပိုင်းမှာတော့ "အန်တီစု" နဲ့ အဖွဲ့ဟာ တည်းခိုရပ်နားရာ တိုင်းရုံးကနေ ချမ်းအေးသာစံ မြို့နယ်မှာရှိတဲ့ မန္တလေးတိုင်း "အင်န်အယ်လ်ဒီ" နာယကဟောင်း ကွယ်လွန်သူ ဦးညီပုရဲ့ နေအိမ်ကို သွားရောက်ခဲ့ကြတယ်။ နေအိမ်ကိုရောက်တော့ ကျန်ရစ်သူဇနီးသည် ဒေါ်နှင်းရင်ကို တွေ့ဆုံပြီး နေကောင်းရဲ့လား၊ ကျန်းမာရဲ့လား၊ ရောင်းရေး ဝယ်ရေးတွေ အဆင်ပြေရဲ့လား၊ ဘာညာနဲ့ မေးမြန်း အားပေးစကားပြောရင်း သူစားဖို့ ယူဆောင်လာတဲ့ အထဲက ချောကလက် တစ်ထုပ်ကို လက်ဆောင် ပေးခဲ့တယ်။

အဲဒီလို လက်ဆောင်ပေးတာကို မြင်လိုက်တဲ့ ပါတီဝင်ပဲလား၊ အရပ်သူပဲလား၊ သေသေချာချာ မသိရတဲ့ သနပ်ခါးပါးကွက်ကျားနဲ့ အမျိုးသမီး တစ်ယောက်က ဘေးကလူကို ဘာပြောလဲမှတ်လဲ။ "ဒေါ်စုကြည်"နဲ့အေ...ကလေးကလား ဆန်လိုက်တာ။ ဒီအဘွားကြီးကို လာပြီး ချောကလက် လက်ဆောင် ပေးရတယ်လို့။ အားဆေးလေးဘာလေး ဝယ်ပေးလိုက်တော့ ဘယ်လောက်ကုန်မှာမို့လဲ။ အံ့ပါရဲ့တဲ့။ ကြားလိုက်ရတဲ့ ကျွန်တော်အတွက်တော့ မှတ်သားစရာ တစ်ပါးပါပဲလေ။

မေလ ၈ ရက်နေ့။

စစ်ကိုင်းတိုင်းနဲ့ ကချင်ပြည်နယ် ခရီးစဉ်အတွက် မန္တလေးကနေ စထွက်ပြီ။ တာမထွက်ခင်ဘာလုပ်သေးလဲဆိုတော့ တိုင်းရုံးမှာပဲ ဘုန်းကြီး ၁၀ ပါးပင့်ပြီး အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ပါတယ်။

အဲဒီကိစ္စဝိစ္စတွေ ပြီးတော့ စထွက်ကြတယ်။ ရန်ကုန်ကလာတဲ့ ကျွန်တော်တို့ ကားသုံးစီး အပြင် နောက်ထပ် ကားနှစ်စီးနဲ့ လူအင်အား နှစ်ဆယ်ကျော် ထပ်တိုးလာတယ်။

မန္တလေးကနေ ထွက်လာပြီး စစ်ကိုင်းတံတားထိပ် (မန္တလေးဘက်ခြမ်း)ရောက်တော့ စစ်ကိုင်းတိုင်း/စည်း ဒု-ဥက္ကဋ္ဌ ဦးကျော်သောင်းနဲ့ အင်းတော်မြို့နယ် ရွေးချယ်ခံ ကိုယ်စားလှယ် ဦးစောလှိုင်တို့ ခေါင်းဆောင်တဲ့ လူအုပ်စုက လာကြိုနေတယ်။ စုစုပေါင်း အင်အား ၅၀ လောက်တော့ ရှိပုံရတယ်။ မေးကြည့်ချက်အရ အဲဒီအထဲမှာ ပါတီဝင် အင်အားက တစ်ဝက်မရှိဘူးတဲ့။ အင်အားတောင့်အောင် နီးစပ်ရာ အရပ်သားတွေကို စည်းရုံးပြီး ခေါ်လာရတာလို့လည်း ပြောသေးရဲ့။ အဲဒီအဖွဲ့မှာ မော်တော်ဆိုင်ကယ်က ၁၃ စီး ပါတယ်။

စစ်ကိုင်းတံတားကို ဖြတ်ပြီး "အန်တီစု"ရဲ့ကား ရှေ့နဲ့ ဘေးဘယ်ညာမှာ ဆိုင်ကယ်တွေက ခြံရံပြီး မောင်းတယ်။ ရိုးရိုးမောင်းတာမျိုး မဟုတ်ဘူး။ နေ့ခင်းကြောင်တောင်ကြီး ဆိုင်ကယ်ရှေ့မီးကြီးတွေ ဖွင့်လို့ဖွင့်၊ ဟွန်းတွေ အဆက်မပြတ် တီးလို့တီး။ ပါတီအလံကိုထောင်ပြီး ပါးစပ်က အော်ချင်ရာတွေအော် လုပ်ရင်း မောင်းခဲ့ကြတာ။ ကျွန်တော် တော်တော်လေးကို စိတ်ကုန်သွားတယ်။ ကျွန်တော်သာ "အန်တီစု"နေရာမှာဆိုရင် ကားကိုချက်ချင်းရပ်ပြီး ဟဲ့...အဲသလိုတွေ မြင်မကောင်း၊ ကြားမကောင်း မလုပ်ကြစမ်းနဲ့၊ ဣန္ဒြေရရ သိက္ခာရှိရှိ၊ စည်းနဲ့ကမ်းနဲ့ သွားကြစမ်း။ သူများတွေ စိတ် အနှောင့်အယှက်ဖြစ်မယ် ဘာညာ ပြောပြီး တားမြစ်မိမှာ အသေအချာပဲ။

အခုတော့ အဲသလို မဟုတ်ဘူး။ ငြိမ်နေတာပဲ။ "အန်တီစု" တစ်ယောက် ဒီလို ရုတ်ရုတ်သဲသဲ ဆူညံဆူညံနဲ့ သွားတာကိုပဲ သဘော ကျနေတာလား။ ဒါမှမဟုတ် ခရီးပန်းလို့ အိပ်များ အိပ်ငိုက် နေတာလား။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့ ယာဉ်တန်းရဲ့ လုပ်ရပ်ကြောင့် လမ်းဘေး ဝဲ/ယာ တစ်လျှောက်က ခရီးသွားလာတဲ့သူတွေ၊ နေအိမ်ထဲက လူတွေ အနေနဲ့ ဘာများလဲဟဲ့ ဆိုပြီး ထွက်ကြည့်ကြ၊ ရပ်ကြည့်ကြပေါ့။ "အန်တီစု"ကို လူမအုံအုံအောင်၊ လူမကြည့် ကြည့်အောင် လုပ်တဲ့ နေရာမှာတော့ ကျွန်တော်တို့အဖွဲ့က ဉာဏ်ကြီးရှင်တွေဟာ တော်မှတော်။

ဖော်ပြခဲ့သလိုမျိုး ဆူညံဆူညံ၊ ရုတ်ရုတ်သဲသဲ ပုံစံတွေနဲ့ စစ်ကိုင်းမြို့ထဲကို ဝင်ခဲ့ကြတဲ့အခါ ကျွန်တော်တို့ ယာဉ်တန်းရဲ့ မျက်စိနောက်စရာ အပြုအမူတွေကြောင့် တစ်ယောက်ယောက်ကများ ခဲနဲ့ကောက် ပေါက်လိုက်ရင်ဖြင့် တွေးပူမိပြန်တယ်။ စစ်ကိုင်းကို ရောက်တော့ စစ်ကိုင်းတိုင်း"အင်န်အယ်လ်ဒီ"ရုံးစိုက်ရာ ရွာထောင်ရပ်ကွက်၊ နန်းစုရပ်မှာ ခဏနားကြတယ်။ "အန်တီစု"ကတော့ ကားပေါ်က မဆင်းဘူး။

စစ်ကိုင်းကနေ ဆက်ထွက်ပြီး သိပ်မကြာခင်မှာပဲ ကားတစ်စီး ပျက်ပြီ။ ဘယ်သူ့ကားလဲဆိုတော့ "အန်တီစု"စီးတဲ့ကားတဲ့။ တော်သေးတာပေါ့။ စက်ချို့ယွင်းတာမို့လို့။ ဘီးပေါက်တာ ဆိုရင်တော့ လမ်းလယ်ကောင်မှာ ထောင်ထားတဲ့ သံချွန်ကိုနင်းမိလို့ ပေါက်ရတာပါ။ ဘာညာနဲ့ အော်ကြဦးမလားမသိ။ အဲဒါနဲ့ ကားစက်ဖုံးဖွင့်ပြီး ဟိုနှိုက် ဒီနှိုက်လုပ်လိုက်တာ ၁၅ မိနစ်လောက်လည်းကြာရော ကားပြန်ကောင်းသွားရော။

ကားလမ်းတစ်လျှောက် ရွာစဉ်ရွာဆက်တွေကို ဖြတ်ပြီး မောင်းလာလိုက်ကြတာ မွန်းတည့် ၁၂ နာရီ မထိုးခင်မှာပဲ ရွှေဘိုရောက်ကြတယ်။ အမှတ် (၁၀) ရပ်ကွက် ထုထောင်ရေးရပ်မှာရှိတဲ့ ကျွန်တော်တို့ "အင်န်အယ်လ်ဒီ"ပါတီဝင် ဦးစန်းဖေရဲ့ နေအိမ်မှာ ခရီး

ပြည်သူတွေ စည်းကမ်း ရှိကြပါဟုကျယ်ကျယ်လောင်လောင် အော်ဟစ်နေသော "ဒေါ်စုကြည်"အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းများ မရှိသည့်အလား မောင်းနှင်ရမ်းကားနေသောင်း၏ ခရီးစဉ် လှုပ်ရှားမှုမှ နယ်ခံပါတီဝင်များ၏ ပရမ်းပတာလုပ်ရပ်များကို မမြင်ခဲ့သည်လော…၊ မတွေ့ခဲ့သည်လော…။ (၈–၅–၂၀၀၃ ရက်နေ့ စစ်ကိုင်းတံတားမှ ရွှေဘိုသို့အသွား ဆိုင်ကယ်များခြံရံလျက်)

မောင်ရင်မှိုင်း

ဒေါ်စုကြည်ခရီးစဉ်အတွင်း လမ်းလယ်ကောင်၌ ကားများ အစီအရီ ယှဉ်တွဲပိတ်ဆို့ရပ်နားကာ လူစုလူဝေးဖြင့် လှုပ်ရှားခဲ့မှုသည် အများသူငါ လမ်းသွားလမ်းလာများအတွက် များစွာအနှောင့်အယှက် ဖြစ်ခဲ့ရ၏။

(၈-၅-၂၀၀၃ရက်နေ့ စစ်ကိုင်းတံတားအဝင်)

တကယ်ကျတော့ ဖွဲ့စည်းပုံအခြေခံဥပဒေလို့ပဲ ခေါ်ခေါ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေလို့ပဲ ဆိုဆို အဲဒီဥပဒေက နိုင်ငံတော်ရဲ့ အသက်ပဲ။ နိုင်ငံတော်ရဲ့ အသက်တမျှ တန်ဖိုးရှိလှတဲ့ ဥပဒေတစ်ရပ်ကို လူနှစ်ယောက် တစ်ပိုင်းက ရေးလို့ရသလား။ ဒီလို ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးသားမှုကို အသိအမှတ်ပြု လက်ခံတယ် ဆိုကတည်းက ကျွန်တော်တို့ ပါတီခေါင်းဆောင်ပိုင်းတွေ နိုင်ငံတော်ရဲ့ အနာဂတ်အမျိုးသားနိုင်ငံရေး လုပ်ငန်းစဉ်ကြီးအပေါ် မရိုးသားတော့ဘူးဆိုတာ ပေါ်လွင်နေပြီ။ ကျွန်တော်တို့ မှာတော့ မျှော်လင့်လိုက်ရတာ။

တစ်ထောက်နားကြတယ်။ ဝိုင်းအုံကြည့်ကြတဲ့လူတွေကတော့ အများသားပဲ။ သိပ်မကြာခင်ချိန်မှာပဲ ရှုတ်ရှုတ် ရှုတ်ရှုတ် အခြေအနေ တစ်ခု ဖြစ်လာတယ်။

ဘာလဲ၊ဘာဖြစ်တာလဲ၊ ဘယ်သူတွေလဲ အရင်းစစ်ကြည့်လိုက်တော့ ဖြစ်ပုံကဒီလို။ ကျွန်တော်တို့ ယာဉ်တန်းနဲ့ ပါလာတဲ့ ခင်ဦးရယ်၊ မန္တလေးတိုင်း လှဦးတို့နှစ် ယောက်က ဘာသွားလုပ်သလဲ ဆိုတော့ လူအုပ်အတွင်းကနေ "အန်တီစု"ကို ဗီဒီယိုလှမ်းရိုက်နေတဲ့ သူဆီကနေ ဗီဒီယိုကင်မရာကို ဟိန်းဟောက် ခြိမ်းခြောက်ပြီး သွားသိမ်းသတဲ့လေ။ ဒီကောင်တွေ ဘာစိတ်ကူးနဲ့များ သွားသိမ်းသလဲမသိပါဘူး။ တကယ်ဆိုရင် ကိုယ့်ပါတီခေါင်းဆောင်ကို ရိုက်တာပဲ၊ ရိုက်ပစေပေါ့။ ကင်မရာမြင်ကွင်းရှေ့မှာ အနှောင့်အယှက်၊ အဟန့်အတားဖြစ်လာရင်တောင် ကိုယ်က ကူညီဖယ်ရှားပေးရမယ့် ဥစ္စာ။

အဲ သိပ်မကြာပါဘူး။ မြို့နယ်အဆင့် တာဝန်ရှိသူတစ်ဦး ရောက်လာပြီး အကျိုးအကြောင်းနဲ့တကွ လာရှင်းပြတယ်။ မြို့နယ် ရွှေကောက်ပွဲ ကော်မရှင်ရုံးမှာ မှတ်တမ်းအဖြစ် သိမ်းဆည်းထားဖို့ ရိုက်ကူးတာပါတဲ့။ အဲဒီမှာတင် သိမ်းယူလာတဲ့ ဗီဒီယို ကင်မရာကို ပြန်ပေးလိုက်ရလေရဲ့။ ခင်ဦးနဲ့ လှဦးတို့ရဲ့ လုပ်ရပ်က ဘောလုံးစကားနဲ့ ပြောမယ်ဆိုရင် လူကျွံဘောပဲ။

ကျွန်တော်တို့အဖွဲ့တွေ ရွှေဘိုမြို့နယ်ရုံးမှာ ခရီး တစ်ထောက်နားတုန်းနားခိုက် ဝိုင်းအုံလာတဲ့ ပရိသတ်ကို "အန်တီစု"က ဟောတာတွေ၊ ပြောတာတွေ လုပ်ခဲ့သေးတယ်။ "အန်တီစု"ရဲ့ ပြောကြားချက်တွေထဲမှာ "တစ်ချိန်ချိန် ပြည်သူလူထုကနေ 'အင်န်အယ်လ်ဒီ'ပါတီကို ကယ်ပါဦးလို့ တောင်းပန်လာတဲ့ အချိန်အထိ ကြိုးစားသွားပါမယ်"ဆိုတဲ့ စကားပါသွားတယ်။ အဲဒီမှာတင် ခေါင်းပေါင်းနဲ့ အဘွားအို တစ်ယောက်က ဘာထပြောတယ် မှတ်လဲ။ "အလိုလေးတော် ... သူမို့လို့ပြော - ပြောထွက်တယ်။ ကြည့်လုပ်ကြဦး အရပ်ကတို့ရေ ... ကြည့်လဲ လုပ်ကြဦး" တဲ့။ အင်း... လေ ပရိသတ်ဆိုတာကတော့ အမျိုးမျိုးအဖုံဖုံပေါ့။

ဟောတာ၊ ပြောတာတွေလည်းပြီးရော ခရီးဆက်ကြပြန်တယ်။ မွန်းလွဲ ၁ နာရီလောက်က ထွက်လာလိုက်ကြတာ ညနေ ၃ နာရီထိုးခါနီးမှာ ခင်ဦးမြို့ကို ရောက်တယ်။ မြို့နယ် "အင်န်အယ်လ်ဒီ" ဥက္ကဋ္ဌ ဒေါက်တာဝင်းအောင်ရဲ့ နေအိမ်မှာ ခဏရပ်တယ်။ ထုံးစံအတိုင်း လူအုံတာပါပဲ။ ဒါပေမယ့် ရွှေဘိုနဲ့ စာရင်တော့ မပြောပလောက်ပါဘူး။ အဲဒီမှာလည်း ထုံးစံအတိုင်း ဟောတာတွေ၊ ပြောတာတွေ လုပ်ပြန်သေးရဲ့။ ကျွန်တော်ကတော့ တော်တော်စိတ်ညစ်နေပြီ။

"အန်တီစု"က ဘာတွေပြောသလဲဆိုရင် ယခုလာတဲ့ ခရီးစဉ်

ပြည်သူတွေ စည်းကမ်းရှိကြပါဟု ကျယ်ကျယ်လောင်လောင် ဟစ်နေသော "ဒေါ်စုကြည်"အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းများ မရှိသည့်အလားမောင်း နှင်ရမ်း ကားနေသောင်း၏ ခရီးစဉ်လှုပ်ရှားမှုမှ နယ်ခံပါတီဝင် များ ၏ ပရမ်းပတာလုပ်ရပ်များကို မမြင်ခဲ့ သည်လော...၊ မတွေ့ခဲ့သည်လော...။ (၈-၅-၂၀၀၃ ရက်နေ့ စစ်ကိုင်းတံတားမှ ရွှေဘိုသို့အသွား ဆိုင်ကယ်များခြံရံလျက်)

တစ်လျှောက်မှာ ကျွန်တော်တို့အဖွဲ့ကို ကြံ့ခိုင်ရေးအဖွဲ့တွေနဲ့ အာဏာပိုင်တွေက ဓာတ်ပုံတွေ၊ ဗီဒီယိုတွေ လိုက်ရိုက်တယ်တဲ့။ အဲဒီကိစ္စဟာ မကောင်းဘူးတဲ့။ "အင်န်အယ်လ်ဒီ" ပါတီရဲ့ လုပ်ငန်းတွေကို အားပေးတဲ့သူတွေအပေါ် မယကအဖွဲ့နဲ့ ကြံ့ခိုင်ရေးအဖွဲ့တွေက ခြိမ်းခြောက်တယ်လို့ သူ(အန်တီစု) ကြားမိတယ်တဲ့။ တကယ်လို့ ခြိမ်းခြောက်တာရှိခဲ့ရင် သူ့ကိုပြောပါတဲ့။ သူ့အနေနဲ့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို တင်ပြမယ်တဲ့။ "အန်တီစု" တစ်ယောက် အဲသလို အပြောကောင်းတာ။

ထိုနေ့၊ ထိုအချိန်၊ ထိုခရီးစဉ်အတွင်းက ကျွန်တော် စိတ်ဆန္ဒမှာ ဖြစ်နိုင်လျှင် "အန်တီစု"ကို စကားတစ်လုံးမှမပြောစေချင်တော့ဘူး။ များများပြောရင် များများမှားတော့မယ်ဆိုတာကို တွက်မိနေတယ်။ ရှင်းရှင်း ပြောရရင် "အန်တီစု"မှာ လူထုပရိသတ်ကို အသိအလိမ္မာ၊ ဉာဏ်ပညာရစေမယ့် ဗဟုသုတတွေ အများကြီး ပြောစရာရှိနေပါတယ်။ ဒါပေမယ့် ပါးစပ်ကထွက်လာတဲ့ စကားလုံးတွေက အဲသလိုတွေ မဟုတ်ဘူး။

ကြားဖူးကြမှာပါ။ ဘာတဲ့။ အတတ်ကြူးတော့ ဘီလူးဖြစ်တယ်တဲ့။ မြန်မာတစ်ပြည်လုံးမှာ ငါ့ လောက်တတ်၊ ငါ့လောက်သိ၊ ငါ့လောက် သတ္တိရှိမယ့်သူ မရှိလောက်ဘူးအထင်နဲ့ ငါပြောသမျှ ယုံကြည်မှာပဲလို့ ထင်ယောင်မှားစိတ် ကျွန်တော်တို့ "အန်တီစု"မှာ ရှိများရှိနေပြီလား။

(ဆက်လက်ဖော်ပြပါမည်။)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

အမှာစကားပြောကြား

မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၆ရက်က ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ကျင်းပသော အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၁၈) သင်တန်းဆင်း အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ **ရွှေဖုံးမှ**

အနာဂတ် ခိုင်မာတောင့်တင်းရေးကို ပိုင်းဖြတ်နေသည်ဟု ဆိုရမှာဖြစ်ကြောင်း၊ တစ်နည်းပြောရလျှင် အမိနိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် မိမိနိုင်ငံ၊ မိမိလူမျိုး အဓွန့်ရှည် ရှင်သန်ခိုင်မြဲရေးတို့သည် ပညာရေးကဏ္ဍ၏ စွမ်းဆောင်နိုင်မှုအပေါ် မူတည်လျက်ရှိကြောင်း။

ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် နိုင်ငံတော်၏ တည်ရှိပြီး သယံဇာတတွေ၊ ဖွံ့ဖြိုးတိုးတက်မှု အလားအလာတွေကို အမျိုးသားရေး အကျိုးစီးပွား တိုးတက်ဖြစ်ထွန်းရေးအတွက် ရေရှည်ဖော်ထုတ်မြှင့်တင်ပေးနိုင်မည့် ပညာရေးစနစ်တစ်ရပ် ပီပီပြင်ပြင် ဖြစ်တည်လာစေရန် ပညာရေးမြှင့်တင်မှု အစီအစဉ်များ၊ အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများကို ချမှတ်ပြီး နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်နေခြင်းပင် ဖြစ်ကြောင်း။

ဤအမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် အမျိုးသားရေးမူဝါဒများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဖော်ဆောင်ပေးရမှာဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် ခိုင်မာသော အခြေခံအုတ်မြစ်များအဖြစ် ဖော်ဆောင်မြှင့်တင်ပေးနိုင်မည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများကို ပညာရေးကဏ္ဍကတစ်ဆင့် တည်ဆောက်ပေးနိုင်စေရန် စနစ်တကျ မျှော်မှန်းဆောင်ရွက်ပေးနေခြင်းလည်း ဖြစ်ကြောင်း။

လေ့ကျင့်ပေးဖို့လို

ထို့ကြောင့် အမျိုးသားပညာရည် မြင့်မားရေး စီမံကိန်းများ၏ မျှော်မှန်းချက်များနှင့်အညီ ကျောင်းသူ၊ ကျောင်းသား လူငယ်များကို စာပေပညာ တတ်ကျွမ်းရုံမျှသာမက အသိဉာဏ်ပညာနှင့် ပြည့်စုံပြီး စွမ်းဆောင်ရည်မြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရေး မျှော်မှန်းပြီး ကျွမ်းကျင်မှု အရည်အသွေး၊ အသိဉာဏ်ပညာနှင့် ဖန်တီးနိုင်မှုစွမ်းအားမြင့်မားစေရန်၊ ဆင်ခြင်တုံတရားနှင့် ယှဉ်တွဲနေသည့် တွေးခေါ်မြော်မြင်မှုကတစ်ဆင့် ကိုယ်တိုင်နားလည်ဆုံးဖြတ် တီထွင်ဆန်းသစ်နိုင်စေရန်အထိ လေ့ကျင့်ပေးကြရမှာဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့ တစ်ဦးချင်း၏ ဝါသနာဗီဇနှင့် အလားအလာကို မိမိကိုယ်တိုင် သိမြင်ပြီး ဘက်စုံပညာရေးစနစ်၏ အကျိုးရလဒ်ကောင်းများနှင့်အညီ မိမိတို့၏ အနာဂတ်ကို ပိုင်ပိုင်နိုင်နိုင် ရွေးချယ်နိုင်သူများဖြစ်လာအောင် ဆရာ၊ ဆရာမများအပိုင်းက ဦးတည်ချက်ရှိရှိဖြင့် တက်တက်ကြွကြွ လေ့ကျင့်ပျိုးထောင်ပေးကြရန် လိုအပ်မှာဖြစ်ကြောင်း။

ထို့ပြင် ကျောင်းသူ၊ ကျောင်းသားလူငယ်များ နိုင်ငံတကာအဆင့်မီ ပညာရည် မြင့်မားစေရေးအတွက် ခေတ်နှင့်အညီ ပေါ်ထွန်းလာသည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ အသုံးပြုလေ့ကျင့်ပျိုးထောင်ပေးပြီး နိုင်ငံတကာ ခေတ်ပေါ်တိုးတက်မှုများနှင့် ဆက်စပ်ပေးနိုင်စေရန်၊ တစ်ပြိုင်တည်းမှာပင် ယခုလို နိုင်ငံတကာနှင့် အမြင်ကျယ်ကျယ် ဆက်စပ်လေ့လာနေချိန်မှာ မြန်မာ့အမြင်ဖြင့် ရှုမြင်နိုင်စေရန်၊ မိမိတို့မျိုးရိုးစဉ်လာ စောင့်ထိန်းလာခဲ့သည့် မြန်မာ့လူမှုတန်ဖိုး၊ မြန်မာ့လူမှုနှုန်းစံနှင့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုဓလေ့စရိုက်များ လျော့ပါးမသွားအောင် ဆက်လက်ထိန်းသိမ်း မြှင့်တင်နိုင်စေရန်ကိုပါ အလေးဂရုပြု လေ့ကျင့်ပျိုးထောင်ပေးကြရမှာဖြစ်ကြောင်း။

စိတ်ဓာတ်မြင့်မားရေး

ထို့ပြင် ကျောင်းသူ၊ ကျောင်းသားလူငယ်များ ရိုးရာယဉ်ကျေးမှုကို မြတ်နိုးလေးစား ထိန်းသိမ်းစောင့်ရှောက်မှု၊ ကိုယ်ကျင့်တရားနှင့် စာရိတ္တပြည့်စုံမြင့်မားမှု၊ မိမိပါဝင်သည့် လူ့ဘောင်အဖွဲ့အစည်းအပေါ် ထားရှိရမည့် တာဝန်နှင့် ကျင့်ဝတ်များ ကျေပွန်မှုစသည့် စိတ်ဓာတ်ပိုင်းဆိုင်ရာ မြင့်မားရင့်ကျက်လာအောင် ပြုစုပျိုးထောင်ပေးကြရန်လည်း အထူးလိုအပ်မှာဖြစ်ကြောင်း။

အထူးသဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းကြောင်းအခြေခံတွေ၊ သမိုင်းအစဉ်အလာကောင်းတွေကို ဆက်ခံထိန်းသိမ်းပြီး ဘိုးဘွားမိဘအမွေအနှစ် စစ်စစ်ဖြစ်သော ပြည်ထောင်စုကြီး ခိုင်ခိုင်မြဲမြဲ အဓွန့်ရှည်တည်တံ့နေစေရေးအတွက် ထိန်းသိမ်းကာကွယ်စောင့်ရှောက် သွားနိုင်စေရအောင် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး စိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ် အခြေခံများ ထက်သန်ပွားများလာစေရန်ကို မျှော်မှန်းလေ့ကျင့် ပျိုးထောင်ပေးကြပါဟု မှာကြားလိုကြောင်း။

အဓိကမူတည်

ယနေ့ အချိန်အခါတွင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတကာ့ အလယ်မှာ တင့်တင့်တယ်တယ် ထည်ထည်ဝါဝါ ရင်ပေါင်တန်းရပ်တည်နိုင်ရေးတို့သည် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေး စွမ်းအားစုများ၏ စွမ်းအားတောင့်တင်းခိုင်မာမှုအပေါ်မှာ အဓိကမူတည်နေတာဖြစ်ကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှုနှင့် ပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားမှုသည်သာ ပြည်သူများအတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် အေးချမ်းသာယာမှုကို ဖြစ်ထွန်းစေမှာဖြစ်ကြောင်း။

ယနေ့အချိန်အခါကာလမှာ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ကို မိမိတို့၏ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ ဖြစ်ထွန်းလာအောင် တည်ငြိမ်ခိုင်မာစွာ တည်ဆောက်နိုင်ရေးအတွက် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားကို အခိုင်အမာ တည်ဆောက်နိုင်ရန် အထူးလိုအပ်လျက်ရှိကြောင်း။ ပြည်သူအများ၏ စုစည်းညီညွတ်မှု ပေါင်းစည်းအားမာန်အပြင် နိုင်ငံတော်တည်ဆောက်ရေးအတွက် ပါဝင်ကြိုးပမ်းကြရမည့် လူ့စွမ်းအားအရင်းအမြစ်များ၏ စူးရှထက်မြက်သော အရည်အသွေးများ ပေါ်ထွက်လာအောင် ထုထောင်သွားရန်လည်းလိုကြောင်း။

နှိုင်းယှဉ်သိမြင်

ထို့ကြောင့် အနာဂတ်ကာလကို တာဝန်ယူကြရမည့် ကျောင်းသူ၊ ကျောင်းသား လူငယ်များကို တာဝန်ယူပြုစုပျိုးထောင်ပေးနေကြသည့် ဆရာ၊ ဆရာမများအနေဖြင့် အပြုသဘောနှင့် အဖျက်သဘော၏ ကောင်းကျိုးဆိုးကျိုးများကို နှိုင်းယှဉ်သိမြင်ပြီး မိမိတို့၏ တပည့် ကျောင်းသား၊ ကျောင်းသူ လူငယ်များကို အမျိုးသားရေး လိုအပ်ချက်များနှင့်အညီ ပြုစုပျိုးထောင်ပေးရင်း အမျိုးသားရေးအားမာန်၊ အမျိုးသားရေးစွမ်းပကားတောင့်တင်းခိုင်မာအောင် ကြိုးပမ်းတည်ဆောက်ပေးကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

ပြုစုပျိုးထောင်ပေး

အလားတူပင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ လက်ငင်း အကျိုးစီးပွားကိုသာမက အနာဂတ်ကာလတိုင် ရေရှည်အကျိုးစီးပွားကိုပါ ဖော်ဆောင်ပေးနိုင်မည့် စွမ်းဆောင်ရည်ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပြုစုပျိုးထောင်ပေးနိုင်စေရေးအတွက် မိမိတို့၏ တပည့်ကျောင်းသား၊ ကျောင်းသူ လူငယ်များကို အသိဉာဏ်ပညာနှင့် စွမ်းဆောင်ရည် ထူးချွန်ထက်မြက်စေရန်အပြင် အမျိုးသားရေးစိတ်ဓာတ် ထက်သန်မြင့်မားစေရအောင် ပြုစုပျိုးထောင်ပေးကြပါဟု ဆရာဆရာမများကို တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ—

- **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်မှာ ဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွား အဓွန့်ရှည်တည်တံ့ခိုင်မြဲစွာ ရပ်တည်နိုင်ရေးအတွက် အမျိုးသားရေးအားမာန် ခိုင်မာတောင့်တင်း စူးရှထက်မြက်စေရအောင် ပညာရေးကဏ္ဍက ကြိုးပမ်းဖြည့်ဆည်းတည်ဆောက်ပေးကြပါ၊**
- **သမိုင်းအစဉ်အဆက် အမျိုးဂုဏ်၊ ဇာတိဂုဏ်ထည်ဝါမြင့်မားခဲ့သည့် မြန်မာလူမျိုးတို့၏ အစဉ်အလာကောင်းနှင့်အညီ ကျောင်းသူ၊ ကျောင်းသားအပါအဝင် တစ်မျိုးသားလုံး မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ သူ့ကျွန်မခံစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ထာဝရ ထက်မြက်နိုးကြားနေစေရအောင် ပညာရေးကဏ္ဍက စည်းရုံးဦးဆောင်ပေးကြပါ၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့ကို ထိပါးနှောင့်ယှက်နေသည့် အဖျက်အမှောင့် သမားများ၏ အန္တရာယ်ကို တိုင်းရင်းသားပြည်သူအားလုံးနှင့်အတူ လက်တွဲပြီး တက်ညီလက်ညီ တွန်းလှန်တိုက်ဖျက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားသွားသည်။

ဆုများချီးမြှင့်

ထို့နောက် သင်တန်းသား၊ သင်တန်းသူများအား ဆုများ ချီးမြှင့်ခြင်းနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ခြင်း အစီအစဉ်ကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က သင်တန်းသား စံပြဆုကို သင်တန်းသားအမှတ် အီး-၁ မကွေးတိုင်း ဆားစည် အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်းမှ အလယ်တန်းပြ ဆရာ ဦးစိုးလင်းအားလည်းကောင်း၊ သင်တန်းသူ စံပြဆုကို သင်တန်းသူအမှတ် ဘီ-၁၇၀ မန္တလေးတိုင်း တံတားဦးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြ ဆရာမ ဒေါ်စန်းယုမော်အားလည်းကောင်း၊ ဖွဲ့လုံ့လဆုများကို သင်တန်းသားအမှတ် အီး-၁၅၂ မကွေးတိုင်း ပခုက္ကူမြို့ အမှတ်(၃) အခြေခံပညာအလယ်တန်းကျောင်းမှ အလယ်တန်းပြဆရာ ဦးတင်ဝင်း၊ သင်တန်းသူအမှတ် ဘီ-၂၀၅ မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် အမှတ် (၁၁) အခြေခံပညာ အထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်ညွန့်ရွှေနှင့် သင်တန်းသူအမှတ် ဘီ-၁၆၀ မန္တလေးတိုင်း မလှိုင်မြို့နယ် ဆုံတွင်း အခြေခံပညာမူလတန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်သန်းဌေးတို့အား လည်းကောင်း ပေးအပ်လိုက်သည်။

စံပြဆုများပေးအပ်

ဆက်လက်၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က စံပြအဆောင်ဆုကို အမျိုးသားတပ်ခွဲ(၁)၊အဆောင်(၇)မှ သင်တန်းသားများအားလည်းကောင်း၊ အမျိုးသမီးတပ်ခွဲ(၁)၊ အဆောင်(၁)မှ သင်တန်းသူများအားလည်းကောင်း၊ သင်တန်းဆင်း အောင်လက်မှတ်များကို တပ်ခွဲအလိုက် သင်တန်းသားခေါင်းဆောင်၊ ဒုတိယခေါင်းဆောင်များမှ တစ်ဆင့် သင်တန်းသား၊ သင်တန်းသူများအားလည်းကောင်း ပေးအပ်လိုက်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများက သာသနာရေး၊ ပညာရေးနှင့် လူမှုရေး အလှူငွေ စုစုပေါင်း ငွေကျပ် ၅၀၀၀၀ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ သင်တန်းဆင်း အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြန်လည်ထွက်ခွာ

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)မှ ပြန်လည်ထွက်ခွာသွားကြသည်။

(သတင်းစဉ်)



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင် ၆ ရက်က စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ ကျင်းပသည့် မင်းကွန်းတိပိဋကဓရ ရွှေရတုနှင့် တိပိဋကနိကာယ ငွေရတုအထိမ်းအမှတ်ပွဲတွင် မော်ကွန်းကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တိပိဋကဓရဘွဲ့ရ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်နှင့် မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်ကြီး ငွေရတုအထိမ်းအမှတ် မင်းကွန်းတိ–နိ ရွှေရတု၊ ငွေရတုပွဲတော် ကျင်းပ

ရန်ကုန် ဇူလိုင် ၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၆ ရက် နံနက်ပိုင်းက ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြရာ နံနက် ၁၁ နာရီ ၁၅မိနစ်တွင် မန္တလေးတိုင်း တံတားဦးမြို့နယ်ရှိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိကြသည်။

ကြိုဆို

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးချုပ်ရန်သိမ်း၊ တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ စစ်ဘက်နယ်ဘက်မှအရာရှိများက ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် တပ်မတော် ရဟတ်ယာဉ်များဖြင့် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေသို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

ဆက်ကပ်လှူဒါန်း

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တိပိဋကဓရဘွဲ့ရ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ်နှင့် မင်းကွန်းတိပိဋကနိကာယကျောင်းတိုက်ကြီး တည်ထောင်သည့် (၂၅)နှစ်ပြည့် ငွေရတု အထိမ်းအမှတ်အဖြစ် ကျင်းပသည့် မင်းကွန်းတိ–နိရွှေရတု၊ ငွေရတုပွဲတော်ကို ဇူလိုင် ၆ ရက် မွန်းလွဲ ၁၂နာရီ၄၅မိနစ်တွင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေရှိ တိပိဋကနိကာယကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ တိပိဋက နိကာယ စီမံအုပ်ချုပ်မှု နာယက ဆရာတော်များ အမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရွှေရတု၊ငွေရတုပွဲတော်ဖြစ်မြောက်ရေးကော်မတီဝင်များ၊ တိပိဋက နိကာယ သာသနာပြု ဥပဋ္ဌာက အဖွဲ့ဝင်များ၊ တိ–နိအနုပညာအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြသည်။

ကျောင်းဆောင်သစ်ဖွင့်

ရှေးဦးစွာ မင်းကွန်းတိပိဋကဓရ ရွှေရတုနှင့် တိပိဋကနိကာယ ငွေရတု အထိမ်းအမှတ်ပွဲတော်အတွက် ဆောက်လုပ်လှူဒါန်းသည့် ရွှေရတု၊ ငွေရတု သုံးထပ်ကျောင်းဆောင်တော်သစ် ဖွင့်ပွဲအစီအစဉ်ကို အဆိုပါသုံးထပ်ကျောင်းဆောင်သစ်ရှေ့၌ စတင်ကျင်းပသည်။

အစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့(ရန်ကုန်)ဥက္ကဋ္ဌ၊ အငြိမ်းစားသံအမတ်ကြီး ဦးအေးဖေတို့က မင်းကွန်းတိပိဋကနိကာယ ရွှေရတု၊ ငွေရတု သုံးထပ်ကျောင်းဆောင်တော်သစ်ကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က တိပိဋကဓရရွှေရတု၊ တိပိဋကနိကာယ ငွေရတုပွဲတော် အထိမ်းအမှတ်မော်ကွန်းကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် အောင်သပြေပင်များကို စိုက်ပျိုးကြပြီး အစီအစဉ်ပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မင်းကွန်းတိပိဋကဓရ ရွှေရတု၊ တိပိဋကနိကာယငွေရတု ပွဲတော်နှင့် ဗုဒ္ဓ၊ဓမ္မ၊သံဃပူဇာပွဲ ရေစက်ချမင်္ဂလာအခမ်းအနားကို တိပိဋကနိကာယ စာချကျောင်းတော်၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်သည်။

ပူဇော်ကြည်ညို

ထို့နောက် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြုရည်မှန်း၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငြိမ်သက်စွာ ပူဇော်ကြည်ညိုကြသည်။

ယင်းနောက် တိပိဋကနိကာယစီမံအုပ်ချုပ်မှု နာယကဆရာတော်များအဖွဲ့ အကျိုးတော်ဆောင် ရွှေရတုတိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသထံမှ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ တိပိဋကနိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ၊ အငြိမ်းစားသံအမတ်ကြီး ဦးအေးဖေက မင်းကွန်းတိပိဋကဓရ ရွှေရတု၊ တိပိဋကနိကာယ ငွေရတုပွဲတော်ကြီးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြလျှောက်ထားသည်။

ထို့နောက် အဆိုတော် နိုင်ငံတော်ရွှေတံဆိပ်ဆုရ ဒေါ်သန္တာက ရွှေရတု၊ ငွေရတုပူဇာတေးထပ်ဖြင့် ရွတ်ဆိုသီကျူးပူဇော်သည်။

သာသနာရေးဆိုင်ရာ လျှောက်ထား

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် ယနေ့အခမ်းအနားသို့ ကြွရောက်ချီးမြှင့်တော်မူကြသော ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား ကျန်းမာရွှင်လန်းစွာဖြင့် တစုတဝေးတည်း ဖူးမြော်ကြည်ညိုခွင့်ရပါသဖြင့် အထူးပင်ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်နူးမှုဖြစ်မိကာ ကုသိုလ်မင်္ဂလာတရားများတိုးပွားရပါကြောင်း ရှေးဦးစွာလျှောက်ထားအပ်ပါကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့် ဇူလိုင်၆ရက်က မင်းကွန်းတိပိဋကဓရ ရွှေရတုနှင့် တိပိဋကနိကာယ ငွေရတုအထိမ်းအမှတ်ပွဲတွင် တိပိဋကနိကာယ ရွှေရတု ငွေရတု သုံးထပ်ကျောင်းဆောင်တော်သစ်ကြီး ဖွင့်ပွဲအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် အောင်သပြေပင်ကို စိုက်ပျိုးပေးစဉ်။ (သတင်းစဉ်)

မင်းကွန်းတိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသသည် မြန်မာသက္ကရာဇ် ၁၃၁၅ခုနှစ်တွင် တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကြီးကို ပြီးပြည့်စုံစွာ ဖြေဆိုအောင်မြင်တော်မူခဲ့၍ ဝိသိဋ္ဌတိပိဋကဓရ၊ မဟာတိပိဋကကောဝိဒ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တော်ကို ပထမဦးဆုံးရရှိတော်မူခဲ့ရာ ယခု ၁၃၆၅ခုနှစ်တွင် နှစ်ပေါင်း(၅၀)ပြည့်၍ ရွှေရတုခေတ်ကာလသို့ ရောက်ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင်ဆရာတော်ကြီးတိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တော်ရရှိပြီးနောက် မြန်မာသက္ကရာဇ် ၁၃၄၀ခုနှစ် ဝါဆိုလဆန်း၅ရက် (၁၉၇၈ခုနှစ် ဇူလိုင် ၉ရက်) တနင်္ဂနွေနေ့တွင် မင်းကွန်းတောင်ရိုးရှိ ဤမိုးမိတ်ကုန်းမြေ၌ တိပိဋကနိကာယ ကျောင်းတိုက်ကြီးကို တည်ထောင်ခဲ့ရာ ယခု ၁၃၆၅ခုနှစ်တွင်ပင် (၂၅)နှစ် ပြည့်မြောက်ပြီး ငွေရတုခေတ်ကာလသို့ ရောက်ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ယနေ့ကျင်းပပြုလုပ်သောအခမ်းအနားသည် မင်းကွန်းဆရာတော်ကြီး၏ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တော်ရရှိခဲ့ခြင်း အနှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားဖြစ်သကဲ့သို့ တိပိဋကနိကာယကျောင်းတိုက်ကြီး၏ (၂၅)နှစ်ပြည့် ငွေရတုအခမ်းအနားလည်းဖြစ်ပါကြောင်း။

ဆွမ်းဆန်တော်အလှူငွေ

မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် တိပိဋကနိကာယကျောင်းတိုက်ကြီးကိုတည်ထောင်ရာတွင် နိုင်ငံတော်အစိုးရက ထောက်ပံ့လှူဒါန်းသော တိပိဋကဓရ ဆွမ်းဆန်တော်အလှူငွေများကို မိမိကိုယ်ကျိုးအတွက်လုံးဝမသုံးဘဲ မတည်အလှူငွေပြုလုပ်၍ ဒကာ၊ဒကာမများ၏ လှူဒါန်းမှုများဖြင့် ပေါင်းစပ်ပြီးစတင်တည်ထောင်ခဲ့ကြောင်းကို သိရှိရပါကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ➪

➪ စာမျက်နှာ ၁၁ မှ

ထို့ပြင် မင်းကွန်းတိပိဋကဓရဆရာတော်ကြီးသည် ဤတိပိဋကနိကာယကျောင်းတိုက်ကြီးကို တည်ထောင်ရခြင်း၏ ရည်ရွယ်ချက်မှာ လက်ရှိစာသင်တိုက်ကြီးများ၌ တိပိဋကဓရပုဂ္ဂိုလ်များ ပေါ်ထွန်းရေးအတွက် တိပိဋကဓရလောင်းလျာ စာသင်သားများမှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး စသော ပစ္စည်းလေးပါးကို သီးခြားအထူးပြု ထောက်ပံ့နိုင်ခြင်းမရှိခြင်း၊ တိပိဋကစာဝါများ သီးခြားပို့ချပေးနိုင်ခြင်းမရှိခြင်းတို့ကြောင့် ယင်းအခက်အခဲများကို ကျော်လွှန်နိုင်ရန်အတွက် ဤကျောင်းတိုက်ကြီးကို တည်ထောင်ရခြင်းဖြစ်ကြောင်းကို သိရှိရပါကြောင်း၊ ဤတိပိဋကနိကာယကျောင်းတိုက်ကြီး၌ သီတင်းသုံး နေထိုင်တော်မူကြသော တိပိဋကဓရလောင်းလျာ စာသင်သားများမှာ ပစ္စည်းလေးပါးအတွက် ကြောင့်ကြမှုမရှိစေဘဲ ကိုယ်စိတ်နှစ်ပါးချမ်းသာစွာဖြင့် စာပေကျက်မှတ်သင်ယူမှုကို အားသွန်ကြိုးပမ်းနိုင်ကြသဖြင့် ဤကျောင်းတိုက်ကြီးမှ တိပိဋကဓရပုဂ္ဂိုလ်များ နှစ်စဉ်အဆက်မပြတ် ပေါ်ထွန်းလျက်ရှိသည်ကိုလည်း တွေ့မြင်နေရပါကြောင်း။

ရည်ရွယ်ချက်ကိုဖြည့်ဆည်း

ဤတိပိဋကနိကာယ ကျောင်းတိုက်ကြီး၌ ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ ရည်ရွယ်ချက်ကို ဖြည့်ဆည်းသောအားဖြင့် မင်းကွန်းဓမ္မနာဒ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဥက္ကံသာဘိဝံသ၊ မန္တလေးမြို့ ဇန်းမော်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ မန္တလေးမြို့ မြတောင်တိုက်သမ္မတ စာချကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေလာသာဘိဝံသ၊ မန္တလေးမြို့ မစိုးရိမ်တိုက်မှ ဘဒ္ဒန္တဝိစိတ္တာဘိဝံသ၊ ဘဒ္ဒန္တဥေယျမွာဘိဝံသတို့က ဝိုင်းဝန်းကူညီ၍ စာပေပို့ချပေးခဲ့ကြကြောင်းကို သိရှိရပါကြောင်း။

ဤကဲ့သို့ ဆရာတော်ကြီးများကိုယ်တိုင် စဉ်ဆက်မပြတ် စာပေသင်ပြပို့ချပေး၍ တိပိဋကနိကာယအဖွဲ့ကြီးကလည်း ပစ္စည်းလေးပါး ပြည့်ဝစုံလင်စွာ ထောက်ပံ့ပေးခြင်းတို့ကြောင့် ဤမိုးမိတ်ကုန်းမြေ တိပိဋကနိကာယ သာသနာပြုကျောင်းတိုက်ကြီးမှ တိပိဋကဓရ အာဇာနည်ပုဂ္ဂိုလ်ထူးများ အသီးသီး ပေါ်ထွက်လာခဲ့ရာ အကျဉ်းချုံး လျှောက်ထားရပါလျှင်-

- **တိပိဋကဓရ တိပိဋကကောဝိဒအာဇာနည်ပုဂ္ဂိုလ် လေးပါး**
- **ပိဋကသုံးပုံဆောင်(တိပိဋကဓရ) အာဇာနည်ပုဂ္ဂိုလ် တစ်ပါး**
- **ပိဋကနှစ်ပုံခွဲအောင် အာဇာနည်ပုဂ္ဂိုလ် တစ်ပါး**
- **ပိဋကနှစ်ပုံခွဲဆောင် အာဇာနည်ပုဂ္ဂိုလ် လေးပါး**
- **ပိဋကနှစ်ပုံအောင် အာဇာနည်ပုဂ္ဂိုလ် နှစ်ပါး**
- **ပိဋကနှစ်ပုံဆောင် အာဇာနည်ပုဂ္ဂိုလ် ၂၀ ပါး**
- **ပိဋကတစ်ပုံအောင် အာဇာနည်ပုဂ္ဂိုလ် ၃၉ ပါး**
- **ပိဋကတစ်ပုံဆောင် အာဇာနည်ပုဂ္ဂိုလ် ၁၂၄ ပါး**
- **ပိဋကတစ်ပုံတစ်ဝက်အောင် အာဇာနည်ပုဂ္ဂိုလ် ၃၅၁ ပါး**

စုစုပေါင်းအာဇာနည်ပုဂ္ဂိုလ် ၅၄၆ပါး ပေါ်ထွန်းခဲ့ပြီဖြစ်ကြောင်းကို သိရှိရပါကြောင်း။

ထူးခြားသည့် ဆောင်ရွက်ချက်

ထို့ပြင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ကြိုးပမ်းဆောင်ရွက်တော်မူခဲ့သော သာသနာရေးလုပ်ငန်းများအနက် ထူးခြားသည့် သာသနာရေးဆောင်ရွက်ချက်အချို့ကို ထုတ်ဖော်လျှောက်ထားရပါလျှင်-

- **ဆဋ္ဌသံဂါယနာတင် ပွဲတော်ကြီးတွင် သံဂါယနာဝိသဇ္ဇကပုဂ္ဂိုလ်အဖြစ် တစ်ပါးတည်း ထူးချွန်စွာ အစအဆုံးဆောင်ရွက်တော်မူခဲ့ခြင်း၊**
- **အတွဲ(၆)တွဲ၊ အုပ်ရေ ရှစ်အုပ်ရှိသော နိုင်ငံတော် မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြီးစီးအောင် ရေးသားပြုစုတော်မူခဲ့ခြင်း၊**
- **မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ၌ တိပိဋကနိကာယ ကျောင်းတိုက်ကြီးကို တည်ထောင်တော်မူခဲ့ခြင်း၊**
- **မင်းကွန်းဓမ္မနာဒကျောင်းတိုက်ကြီး၌ ပိဋကကျမ်းစာအမျိုးမျိုးကို ပို့ချပေးခဲ့ရုံသာမက ခက်ခဲနက်နဲသော အဘိဓမ္မာအဋ္ဌကထာ၊ မူလဋီကာ၊ အနုဋီကာကျမ်းစာများကို ပျံလွန်တော်မူခါနီးအချိန်ထိ သင်ပြပို့ချပေးတော်မူခဲ့ခြင်း၊**
- **အနယ်နယ်အရပ်ရပ်သို့ ကြွရာယာဉ်အမျိုးမျိုးဖြင့် လှည့်လည်ကြွချီ၍ တရားဒေသနာတော်များကို မနေမနားဟောကြားတော်မူခဲ့ခြင်း၊**
- **ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့၌ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးများကို ဦးစီးဦးဆောင်ပြုလုပ်၍ တည်ထောင်ဖွင့်လှစ်ပေးတော်မူခဲ့ခြင်း၊**
- **ပြည်နယ်နှင့်တိုင်းအသီးသီးတို့၌ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများကို ဦးစီးဦးဆောင်ပြုလုပ်၍ တည်ထောင်ဖွင့်လှစ်ပေးတော်မူခဲ့ခြင်း၊**
- **မန္တလေးမြို့၌ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးကို ဦးစီးဦးဆောင်ပြု၍ တည်ထောင်ဖွင့်လှစ်ပေးတော်မူခဲ့ခြင်း**

စသော အံ့သြဖွယ်ရာ ထူးခြားသော ဆောင်ရွက်ချက်များကို တွေ့ရှိရပါကြောင်း။

ထို့ပြင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး တည်ထောင်ပေးခဲ့သော တိပိဋကနိကာယ သာသနာပြုအဖွဲ့ကလည်း တိပိဋကဓရ ရွှေရတုကာလနှင့် တိပိဋကကျောင်းတိုက်ကြီး၏ ငွေရတုကာလအထိမ်းအမှတ်အဖြစ် ဖော်ပြပါလုပ်ငန်းများကို ဆောင်ရွက်ထားသည်ကိုလည်း တွေ့ရှိရပါကြောင်း။

- **မိုးမိတ်စေတီတော်ကြီး၊ စက်တော်ရာ စေတီတော်၊ မင်းကွန်းတိပိဋကလွမ်းစေတီတို့အား ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊**
- **မိုးမိတ်ကုန်းမြေ တိပိဋကကျောင်းတိုက်ကြီးအတွင်း၌ ရွှေရတု၊ ငွေရတုအထိမ်းအမှတ် သုံးထပ်ကျောင်းဆောင် ဆောက်လုပ်လှူဒါန်းခြင်း၊**
- **ရန်ကုန် တိပိဋကကျောင်းတော်အတွင်း၌ တိုးချဲ့ကိုးထပ်ကျောင်းတော်ဆောင်ကြီး ဆောက်လုပ်လှူဒါန်းရန် စီမံဆောင်ရွက်နေခြင်း၊**
- **လမ်းအရှည် ကိုးမိုင်ကျော်ရှိသည့် စစ်ကိုင်း-မင်းကွန်းကားလမ်းနှင့် လမ်းအရှည် နှစ်မိုင်ခန့်ရှိသည့် မင်းကွန်းဓမ္မနာဒ ကားလမ်းတို့ကို ကတ္တရာလမ်းချောအဖြစ် အဆင့်မြင့်ဆောင်ရွက်ခြင်း၊**
- **ရွှေရတု၊ ငွေရတုစာစောင်၊ ပြက္ခဒိန်နှင့် အမှတ်တရပုံတော်များ ထုတ်ဝေခြင်း**

စသည်တို့ကို ဆောင်ရွက်ခဲ့ကြောင်းကို သိရှိရပါကြောင်း။

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဦးစီးဦးဆောင် ပြုလုပ်ဆောင်ရွက်တော်မူခဲ့သော သာသနာပြုလုပ်ငန်းများသည်လည်းကောင်း၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အမှူးပြုသော သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့၏ ဆောင်ရွက်သမျှသော သာသနာပြုလုပ်ငန်းများသည် လည်းကောင်း၊ ဆတက်ထမ်းပိုးတိုး၍တိုး၍ အောင်မြင်တော်မူကြပါစေ။ ထို့ပြင် ဆရာတော် အရှင်မြတ်တို့နှင့် နိုင်ငံတော်အစိုးရ ဦးဆောင်သည့် ပြည်သူပြည်သားများ ဆရာ၊ ဒကာလက်တွဲ ညီညာဆောင်ရွက်သမျှသော အမျိုး၊ဘာသာ သာသနာ စည်ပင်ပြန့်ပွားထွန်းကားရေးလုပ်ငန်းများသည်လည်းကောင်း၊ အရှိန်အဟုန်မပျက် တိုးတက်အောင်မြင်လျက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ်သို့ အလျင်အမြန်ရောက်ရှိပါစေကြောင်း ဆုတောင်းပတ္ထနာပြုလျက် တပည့်တော်၏ လျှောက်ထားလွှာကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ဘုရားဟု လျှောက်ထားသွားသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့အား လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မင်းကွန်းတိပိဋကဓရ ရွှေရတု၊ တိပိဋကနိကာယ ငွေရတုပွဲတော်နှင့် ဗုဒ္ဓ-ဓမ္မ-သံဃ ပူဇာပွဲတော်အတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ သားသမီး မြေးတစ်စုတို့က တိပိဋက စာအောင်သံဃာ ၂၆ပါးတို့အတွက် ငွေကျပ် ၂၆၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့ဥက္ကဋ္ဌ၊ အငြိမ်းစားသံအမတ်ကြီး ဦးအေးဖေက လက်ခံသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်းဦးတင်ရွှေ ဦးဆောင်သော ရန်ကုန်မြို့ တိပိဋကနိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့က ငွေကျပ်သိန်း ၁၅၀၊ ရွှေစင်အကယ်ဒမီ ဦးသူတော် ဦးဆောင်သော မန္တလေးမြို့ တိပိဋကနိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့က ငွေကျပ် သိန်း ၁၅၀၊ စစ်ကိုင်းတိုင်းနှင့် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များက ငွေကျပ် ၁၀ သိန်း၊ တိ-နိ (မန္တလေးဌာန) ဥက္ကဋ္ဌကြီး ရွှေစင် အကယ်ဒမီ ဦးသူတော်-ဒေါ်ခင်စိန်မိသားစု မျက်ပါးရပ် မန္တလေးမြို့က (မိုးမိတ်စေတီတော်ကြီး၏ ရွှေထီးတော်အတွက်) ငွေကျပ် ၂၅ သိန်း၊ တိ-နိ(ရန်ကုန်) ဥက္ကဋ္ဌဟောင်း ဦးလှမောင်-(ဒေါ်လှစိန်)မိသားစု တာမွေမြို့နယ် ရန်ကုန်က ငွေကျပ် ၂၅သိန်း၊ တိ-နိ(ရန်ကုန်) သုဘဒ္ဒါအမျိုးသမီးများအဖွဲ့ဝင် (ဦးမောင်မောင်ခင်)-ဒေါ်ခင်ညိုမိသားစု ကမာရွတ်မြို့နယ် ရန်ကုန်မြို့က (စက်တော်ရာစေတီ၏ ရွှေထီးတော်အတွက်) ငွေကျပ် ၂၅ သိန်း၊ တိပိဋကနိကာယဝင် တိုက်သားဟောင်း သံဃာတော်များအဖွဲ့က ငွေကျပ် ၂၅ သိန်း၊ အရှင်သီလက္ခန္ဓာဘိဝံသ၊ အရှင်ဝံသပါလလင်္ကာရ၊ အရှင်ဂန္ဓမာလာလင်္ကာရ၊ အရှင်ဣန္ဒပါလ တိပိဋကဓရဆရာတော် ညီနောင်လေးပါးတို့က ငွေကျပ်သိန်း ၂၀၊ ရွှေရတုတိပိဋကဓရဆရာတော် အရှင်ဝံသပါလလင်္ကာရအား အမှူးထား၍ မယ်တော်ကြီးဒေါ်ကျင်မြိုင် ခွက်ခွင်းရာ မြင်းမူမြို့နယ်က (မင်းကွန်းတိပိဋကဓရ လွမ်းစေတီအား ရွှေသင်္ကန်းကပ်လှူရန်)အတွက် ငွေကျပ်သိန်း ၂၀၊ ကိုသက်နိုင်-မမီမီဝင်း၊ အကယ်ဒမီ ရွှေသန့်စင်လုပ်ငန်း မိသားစု မန္တလေးမြို့က ငွေကျပ် သိန်း ၂၀၊ ဟိုပင်မြို့မှ ဒေါ်ခင်မာကြူ၊ ဒေါ်ပြုံးမေ၊ ဒေါ်ဖော့၊ ဒေါ်ထုံးတို့ ဦးဆောင်သော ဟိုပင်မြို့သူ၊ မြို့သားများက ငွေကျပ်သိန်း ၂၀၊ တေးသံရှင် ကိုဇော်ဝင်းထွဋ် ဦးဆောင်သော အင်ပါရာတေးဂီတအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ ရွှေစင်အကယ်ဒမီ ဦးသူတော်-ဒေါ်ခင်စိန် မိသားစု၊ ဦးကျော်မြင့်-ဒေါ်မြင့်မြင့်အေး မိသားစု၊ ဦးဝင်းဗိုလ်-ဒေါ်ဆွေဆွေသိန်း မိသားစု၊ ဦးသန်းထွန်းဦး-ဒေါ်ခင်မိမိ မိသားစု၊ ဦးဌေးအောင်-ဒေါ်စန်းစန်းအေး မိသားစု၊ ဦးဇော်ဝင်း-ဒေါ်စန်းဌေး မိသားစု၊ ဦးမြင့်အောင်-ဒေါ်သောင်းကြည် မိသားစု၊ ဦးဖုန်းမြင့်-ဒေါ်ခင်သန်းမေမိသားစုများ မန္တလေးမြို့က ငွေကျပ် ကိုးသိန်း၊ ရွှေတောင်မော် တိ-နိအဖွဲ့ ရွှေတောင်မော်ရွာ မအူပင်မြို့နယ်က ငွေကျပ်ရှစ်သိန်းခွဲ၊ ဦးအောင်သိန်းအဖွဲ့ မအူပင်မြို့နယ်က ငွေကျပ်ခြောက်သိန်းရှစ်သောင်း၊ မာဃဆေးလိပ်ခုံမိသားစု မော်လမြိုင်မြို့က ငွေကျပ်ခြောက်သိန်း၊ ဦးသန်းထွန်းအဖွဲ့ ဆရာစံရပ်ကွက် ဗဟန်းမြို့နယ်က ငွေကျပ်ခြောက်သိန်း၊ ဒေါ်သိန်းသိန်း၊ ဒေါ်ညွန့်ညွန့်ဝေအဖွဲ့ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်က ငွေကျပ် ခြောက်သိန်း၊ ဦးစိုးဝင်း-ဒေါ်ယဉ်နုမိသားစု တောင်ဥက္ကလာပမြို့နယ် ရန်ကုန်က ငွေကျပ် လေးသိန်းရှစ်သောင်း၊ ဒေါ်တင်ရီအဖွဲ့ ရွှေပြည်သာမြို့နယ် ရန်ကုန်က ငွေကျပ် သုံးသိန်း၊ ဦးလှိုင်ကြည်-ဒေါ်တင်ဦး ကျွဲရိုင်းဖိနပ်လုပ်ငန်း မိသားစု မန္တလေးမြို့က ငွေကျပ်သုံးသိန်း၊ ဦးမျိုးညွန့်-ဒေါ်သန်းရီ၊ သန့်ဇင်ဝင်း ဆေးလိပ်ခုံမိသားစု ကောလင်းမြို့က ငွေကျပ် သုံးသိန်း၊ ဦးဝင်းစိန်-ဒေါ်ရိန်ဝိန့်စိန်ရွှေဆိုင်မိသားစု မန္တလေးမြို့က ငွေကျပ်သုံးသိန်း၊ ဒေါ်ဌေးဌေးခိုင် မွေးနေ့အလှူ မောရိယမန်းဆေး မိသားစု မန္တလေးမြို့က ငွေကျပ်သုံးသိန်း၊ ဦးဘိုအုန်း-(ဒေါ်ခင်လေး)မိသားစု ဒေးဒရဲ တိ-နိအဖွဲ့ ဒေးဒရဲမြို့က ငွေကျပ်သုံးသိန်း အပါအဝင် အလှူရှင်များက ငွေကျပ် ၅၆၅၁၀၀၀၀ ကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်တို့က လက်ခံကြသည်။

ယင်းနောက် တိပိဋကနိကာယ စီမံအုပ်ချုပ်မှုနာယက အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဆရာတော် ဝင့်သကာ သိရောမဏိ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသက အနုမောဒနာတရားဟောကြားတော်မူပြီး အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များနှင့် အလှူရှင်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါး စုံညီ အဋ္ဌမအစည်းအဝေး ကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေး ဒုတိယနေ့အစီအစဉ်များကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ဆက်လက်ကျင်းပပြီး ညနေပိုင်းတွင် အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

တက်ရောက်ကြည်ညို

အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကို၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ ညွှန်ကြားရေးမှူးများ၊ တာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တင်ပြလျှောက်ထားချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့-အဖွဲ့ဝင် ဆရာတော်များ ဖြစ်တော်မူကြသော အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ မာနိတသိရိဘိဝံသက ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒသိရီက သာသနာရေးရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိသုက ပညာရေးရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လည်းကောင်း သုံးသပ်ဆွေးနွေးတော်မူကြသည်။

ထို့နောက် ဝိနိစ္ဆယရေးရာ ကိစ္စရပ်များကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဆွေးနွေး ဆုံးဖြတ်တော်မူကြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

ဆုံးဖြတ်တော်မူ

အစည်းအဝေးကို မွန်းလွဲ ၁နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့-အဖွဲ့ဝင် ဆရာတော်ကြီးများက ဝိနိစ္ဆယရေးရာကဏ္ဍ၊ သာသနာရေးရာကဏ္ဍ၊ ပညာရေးရာကဏ္ဍနှင့် အထွေထွေရေးရာ ကဏ္ဍတို့ကို ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ထို့နောက် ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ ဒုတိယအကြိမ် ၁၃၆၄ခုနှစ် တပေါင်းလဆန်း ၁၃ရက်(၂၀၀၃ခုနှစ် မတ် ၁၅ ရက်)စနေနေ့မှ ယနေ့အထိ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးချက်များအပေါ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိက ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူပြီး အစည်းအဝေး၏ အတည်ပြုချက်ကို ရယူတော်မူသည်။

ပြီးစီး

ဆက်လက်၍ ပဌမအကြိမ် သတ္တမ (လေးလပတ်)နိုင်ငံတော် ဝိနည်းဓိုရ် ဆရာတော်ကြီးများ ရွေးချယ်လျာထား အတည်ပြု ပင့်ဆောင်ရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက "ဇယန္တော ဗောဓိယာမူလေ" အစချီ နှစ်ဂါထာကို သုံးကြိမ် ရွတ်ဆိုတော်မူကြပြီးနောက် သာဓုသုံးကြိမ် ခေါ်ဆိုကာ ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေးသည် ညနေပိုင်းတွင် အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ပဌမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ အဋ္ဌမအစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်ကြီးများအား ယနေ့တွင် ဦးမင်းဒင်-ဒေါ်ဝင်းဝင်းအေး(ခ)မကြီး (ရတနာဝင်းပွဲရုံ)နှင့် ဦးဇော်မင်းဦး-ဒေါ်ဝင်းဝင်းဌေး(ခ)မငယ် (အောင်ရတနာဝင်းပွဲရုံ) မိသားစုတို့က ဆွမ်း၊ခဲဖွယ် ဘောဇဉ်များကို ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

ဖက်ပင်အိုင်စာသင်တိုက် ဝါဆိုသင်္ကန်းအလှူ

ရန်ကုန် ဇူလိုင် ၇

သဃ်န်းကျွန်းမြို့နယ် ၈/မြောက်ရပ်ကွက် ဖက်ပင်အိုင် စာသင်တိုက် ဆရာတော် ဘဒ္ဒန္တဂန္ဓမာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အမှူးပြုသော စာချ စာသင် သံဃာတော် ၂၀၅ပါးတို့အား ၁၃၆၅ ခုနှစ် ဝါဆိုလပြည့်၊ ဇူလိုင် ၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ဖက်ပင်အိုင်စာသင်တိုက်၌ ထာဝရကုသိုလ်ရှင်များစုပေါင်း၍ ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြမည်ဟု သိရသည်။ (က-ပ)

✳ မြောက်တိုင်းလည်း မမြောက်နဲ့

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့ ယုဇနကုမ္ပဏီလီမိတက်၏ တန် ၇၅၀ဆံ့အအေးခန်းစက်ရုံတွင် ကြည့်ရှုစစ်ဆေးကြစဉ်။
(သတင်းစဉ်)

❁ မန္တလေးမြို့မှ

အဆောက်အအုံများ စီမံဆောင်ရွက်ထားရှိမှု၊ ဖွဲ့စည်းပြီးအခန်းများကို ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ကြမည့် IT ကုမ္ပဏီများကို နေရာချထားပေးမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လုပ်ငန်းများကို စီမံချက်အတိုင်း ပြီးစီးရေး မှာကြားသည်။

ရှင်းလင်းပြသ

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရတနာပုံဈေးဒုတိယထပ်ရှိ Relax ကုမ္ပဏီက ဘိလိယက်နှင့် စနူကာခန်းမ ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှု၊ အလှပြင်ခန်းမနှင့် စားသောက်ဆိုင်ဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုကြရာ Relax ကုမ္ပဏီ ဒုတိယမန်နေဂျင်းဒါရိုက်တာ ဦးညီညီထွေးက လုပ်ငန်းခွင်အတွင်း လိုက်လံပြသ ရှင်းလင်းသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် မန္တလေးမြို့ရှိ တိုင်းရင်းဆေးတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဆွေ၊ တိုင်းရင်းဆေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြမိုးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တိုင်းရင်းဆေးတက္ကသိုလ်

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရှင်းလင်းဆောင်၌ အေစီအီးဆောက်လုပ်ရေးအဖွဲ့ မန်နေဂျင်းဒါရိုက်တာ ဦးတင့်ဆန်းက တိုင်းရင်းဆေးတက္ကသိုလ်၏ ပင်မဆောင်နှင့် စာသင်ဆောင်အမှတ်(၁)၊ အမှတ်(၂)နှင့် အမှတ်(၃) တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုအခြေအနေ၊ ပြင်ပရေနှင့် ပြင်ပလျှပ်စစ်မီးလုပ်ငန်း၊ မုခ်ဦးနှင့် ဝင်းထရံကာရံခြင်းလုပ်ငန်း၊ လမ်းခင်းခြင်းနှင့် ကားရပ်ရန်နေရာ တည်ဆောက်ရေးလုပ်ငန်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် နန်းမြို့ညော်ရိပ်သာသို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

❒ **နိုင်ငံတော်မှ**

ဆက်လက်၍ ဆေးရုံအုပ်ကြီး ဒေါ်ဝင့်ဝင့်တိုးက ဆေးရုံကြီး၏ သမိုင်းအကျဉ်း၊ ခုတင်(၂၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံကြီးအဆင့်သို့ တိုးမြှင့်ခဲ့မှု၊ လူနာများအား ဆေးကုသပေးမှု၊ အထူးကုဆရာဝန်ကြီးများ ပါဝင်သည့် အဖွဲ့ဖြင့် နယ်လှည့်ဆေးကုသပေးမှု၊ ဝန်ထမ်းသက်သာချောင်ချိရေး ဆောင်ရွက်ပေးမှု၊ ဆေးရုံသန့်ရှင်းသာယာလှပရေး ဆောင်ရွက်မှုနှင့် ဆေးရုံအဆောက်အအုံ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက လူနာများအား နွေးထွေးစွာ ကြိုဆို၍ စေတနာထားကုသရေး၊ ပံ့ပိုးဖြည့်ဆည်းပေးထားသည့် ဆေးရုံသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးမှု မရှိစေရေး ကိစ္စများကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက ပြည်သူများ အားထားယုံကြည်ခြင်းခံရသည့် ဆေးရုံကြီး ဖြစ်လာအောင် ဆရာဝန်၊ ဆရာမများက ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ဟင်္သာတတက္ကသိုလ်သို့ ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ဌာနမှူးများ၊ ကထိကများ၊ လက်ထောက်ကထိကများ၊ နည်းပြများနှင့် သရုပ်ပြများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယပါမောက္ခချုပ် ဦးစိုးမြင့်က ဟင်္သာတတက္ကသိုလ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ တက္ကသိုလ်အဖြစ် အဆင့်ဆင့် တိုးမြှင့်ဖွဲ့စည်းနိုင်ခဲ့မှု၊ ဝန်ထမ်းခန့်ထားမှု၊ အထူးပြု သင်ကြားပေးလျက်ရှိသည့် ဘာသာရပ်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်သင်ကြားလျက်ရှိသည့် အခြေအနေများ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟင်္သာတတက္ကသိုလ်က ဖွင့်လှစ် သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ သုတေသနလုပ်ငန်း ဆောင်ရွက်ရန် စီစဉ်ထားမှု အခြေအနေများနှင့် စာသင်ဆောင်များ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ဖြည့်စွက်ရှင်းလင်းပြီး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက သုတေသနလုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက ဆက်လက်ဆောင်ရွက်သင့်သည်များကို မှာကြားပြီး သုတေသနလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဟင်္သာတတက္ကသိုလ်၏ စာသင်ဆောင်များ၊ ဆောက်လုပ်ဆဲ စာသင်ဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် ဇူလိုင် ၅ရက် နံနက်ပိုင်းတွင် ဟင်္သာတမြို့နယ်မြေခံတပ်ရင်းသို့ သွားရောက်၍ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်မှာကြားသည်။

ထိုအချိန်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ဟင်္သာတမြို့ အစိုးရကွန်ပျူတာကောလိပ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ဟင်္သာတမြို့ အစိုးရကွန်ပျူတာကောလိပ် တာဝန်ခံကျောင်းအုပ် ဒေါ်ငြိမ်းငြိမ်းလွင်က ကောလိပ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ စတင်ဖွင့်လှစ်ခဲ့မှု၊ ဆရာ ဆရာမအင်အား၊ သင်ကြားပေးလျက်ရှိသည့် သင်တန်းများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိသည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၂)က လိုအပ်သည်များကို မှာကြားသည်။

နည်းပညာကောလိပ်

ထိုမှတစ်ဆင့် ဟင်္သာတမြို့ အစိုးရနည်းပညာကောလိပ်သို့ ရောက်ရှိကြရာ ခန်းမဆောင်၌ ကျောင်းအုပ် ဦးသက်ထူးဟန်က ဟင်္သာတမြို့ အစိုးရနည်းပညာကောလိပ် စတင်ဖွင့်လှစ်ခဲ့မှု၊ သင်ကြားပေးလျက်ရှိသည့် သင်တန်းများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက် ပညာသင်ကြားလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွတ်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လိုအပ်သည်များကို မှာကြားပြီး စက်ပစ္စည်းများဖြင့် ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်သင်ကြားလျက်ရှိသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀နာရီ ၁၅မိနစ်တွင် မော်တော်ယာဉ်များဖြင့် ဟင်္သာတမြို့မှ ပုသိမ်မြို့သို့ ထွက်ခွာခဲ့ကြပြီး ကျုံပျော်မြို့အဝင်၌ ကြိုဆိုနှုတ်ဆက်ကြသည့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ လိုအပ်သည်များကို မှာကြားသည်။

နှုတ်ဆက်မှာကြား

အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည်လည်း ကျုံပျော်မြို့ နယ်မြေခံတပ်ရင်း၌ တပ်ရင်းမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုများအား တွေ့ဆုံနှုတ်ဆက်မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြပြီး ပုသိမ်အစိုးရနည်းပညာကောလိပ် တည်ဆောက်ရေးစီမံကိန်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ရှင်းလင်းဆောင်၌ ပုသိမ်အစိုးရ နည်းပညာကောလိပ်ကျောင်းအုပ် ဒေါ်ရီရီမြင့်က အစိုးရနည်းပညာကောလိပ်စတင်ဖွင့်လှစ်ခဲ့မှုနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်သင်ကြားလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အာကာဦး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးမျိုးအောင်က ပုသိမ်အစိုးရ နည်းပညာကောလိပ် အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်းများ ၉၀ရာခိုင်နှုန်း ပြီးစီးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက လိုအပ်သည်များကို မှာကြားကာ တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဆွမ်းဆန်တော်လှူဒါန်းပွဲ

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဇူလိုင် ၆ရက် နံနက် ၁၀နာရီတွင် ပုသိမ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည့် ပုသိမ်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များသို့ ဆွမ်းဆန်တော် လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ ပုသိမ်မြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်များမှ ဆရာတော်၊ သံဃာတော် ၁၈ပါးတို့ ကြွရောက်တော်မူကြပြီး အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် ဧရာဝတီတိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ဝေဠုဝန်) ဝေဠုဝန်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နာဂဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆရာတော် သံဃာတော်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ကုန်းသာကျောင်းတိုက် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဝိလာသထံမှ အနုမောဒနာတရား နာကြား၍ ရေစက်ချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပုသိမ်ဆေးရုံကြီး

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်မြို့ ဆေးရုံကြီးသို့ ရောက်ရှိကြရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းအောင်၊ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်တင်နှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန် ဆရာမများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ဆေးရုံအဆောက်အအုံနှင့် လူနာဆောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လူနာများအားလည်း တွေ့ဆုံနှုတ်ဆက် အားပေးကြသည်။

ဝန်တံတား(ပုသိမ်)

ထိုမှတစ်ဆင့် ဝန်တံတား (ပုသိမ်) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ဝန်တံတား(ပုသိမ်) တည်ဆောက်ရန် ဖြစ်နိုင်မည့် အသင့်လျော်ဆုံးနေရာများကို ကြည့်ရှုစစ်ဆေးကာ လေ့လာတိုင်းတာခဲ့ကြောင်း၊ အဆိုပါနေရာများအနက် ပုသိမ်မြို့ မရမ်းချောင်းကျေးရွာနှင့် တစ်ဖက်ကမ်းရှိ ကမ်းနီကျေးရွာ ကြားနေရာသည် တံတားတည်ဆောက်ရန် အသင့်လျော်ဆုံးနေရာဖြစ်ကြောင်းဖြင့် ဝန်တံတား (ပုသိမ်) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ မြေပုံများဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းက ဝန်တံတား(ပုသိမ်) တည်ဆောက်မည့် အစီအစဉ်များနှင့် ချဉ်းကပ်လမ်းဖောက်လုပ်ရန် ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်းက ဝန်မြစ်၏ ရေအတိမ်အနက်၊ ရေတက်ရေကျအခြေအနေ၊ မရမ်းချောင်းကျေးရွာနှင့် ကမ်းနီကျေးရွာအကြား မြစ်ကမ်းပါးခိုင်ခံ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ဌေးဦးက ဝန်တံတား(ပုသိမ်) တည်ဆောက်ပြီးစီးသွားပါက ဝန်မြစ်အနောက်ဘက်ကမ်းရှိဒေသများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ရခိုင်ပြည်နယ်မှ ဂွမြို့နယ် စသည့်ဒေသများအထိ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ငွေဆောင်ကမ်းခြေနှင့် ချောင်းသာ ကမ်းခြေတို့သို့လည်း လွယ်ကူစွာ သွားရောက်အပန်းဖြေနိုင်မည်ဖြစ်သဖြင့် ဝန်တံတား(ပုသိမ်) သည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသွားမည့်တံတား ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် သစ်တောရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဖုန်းက ဝန်တံတား(ပုသိမ်) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းနှင့် မလွတ်ကင်းသည့် မြန်မာ့သစ်လုပ်ငန်း အဆောက်အအုံများ ပြောင်းရွှေ့သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းက လိုအပ်သည်များကို မှာကြားပြီး တံတားတည်ဆောက်ရန် ရွေးချယ်ထားသည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

တိုးတက်လာ

ဝန်မြစ်ကူး ဝန်တံတား(ပုသိမ်) တည်ဆောက်ပြီးစီးပါက ဝန်မြစ်အနောက်ဘက်ကမ်းရှိ ပုသိမ်မြို့နယ်၊ ရေကြည်မြို့နယ်၊ သာပေါင်းမြို့နယ်၊ ငပုတောမြို့နယ် ကျေးရွာအုပ်စု ၉၃ အုပ်စု၊ ရွာပေါင်း ၄၈၈ရွာ နေထိုင်ကြသည့် ပြည်သူသုံးသိန်းကျော်၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာမည်ဖြစ်သည်။

ဒေသထွက်၊ ရေထွက်ပစ္စည်း၊ ဆန်စပါး၊ အုန်းသီးဆံခြောက်နှင့် သစ်တောထွက်ပစ္စည်းများကို ဈေးကွက်သို့ လွယ်လွယ်ကူကူ တင်ပို့ရောင်းချနိုင်မည်ဖြစ်သည်။

မော်တင်စွန်းမှ ပုသိမ်အနောက်ဘက်ခြမ်းတစ်လျှောက် သာပေါင်း-ကြိခင်းလမ်း၊ သံတွဲ - ရေနံ့သာ - သာပေါင်းလမ်းတို့မှ တစ်ဆင့် ပုသိမ်-ရန်ကုန်လမ်း၊ ပုသိမ်-မုံရွာလမ်းစသည့် ပြည်ထောင်စု လမ်းမကြီးများနှင့် တိုက်ရိုက်ဆက်စပ် သွားလာနိုင်မည်ဖြစ်သည့်အပြင် ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေရှိ ဟိုတယ်နှင့် အပန်းဖြေ လုပ်ငန်းများသည်လည်း သိသာစွာ တိုးတက်ဖြစ်ထွန်းလာမည် ဖြစ်သည်။

လှောင်အိမ်စနစ်ငါးမွေးမြူ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ယုဇန ကုမ္ပဏီလီမိတက်၏ ဝန်မြစ်အတွင်း၌ လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူခြင်းလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများကို ရေယာဉ်ပေါ်၌ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် လှောင်အိမ်စနစ်ဖြင့် ငါးတန် ငါးများ မွေးမြူထားမှု အခြေအနေနှင့် အစာကျွေးခြင်းလုပ်ငန်းများကို လည်းကောင်း၊ နမူနာအဖြစ် ပြသထားသည့် ငါးတန်သားပေါက်များနှင့် တီလားဗီးယား ငါးသားပေါက်များကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ယုဇန ကုမ္ပဏီလီမိတက်သည် လှောင်အိမ်ဖြင့် ငါးတန်ငါးမွေးမြူခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး ၂၀၀၃-၂၀၀၄ခုနှစ်တွင် ငါးတန် တန်ချိန် ၅၀၀၀ ထုတ်လုပ်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အအေးခန်းစက်ရုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် မကြာမီဖွင့်လှစ်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် တန် ၇၅၀ဆံ့

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❍

✳ ခြောက်တိုင်းလည်း မကြောက်နဲ့

❍ စာမျက်နှာ ၁၃ မှ
အအေးခန်းစက်ရုံနှင့် လုပ်ငန်းများ ဆောင်ရွက်ရန် ဖြည့်တင်းထားရှိပြီး ဖြစ်သည့် အအေးခန်းစက်ရုံသုံးပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့ပြင် တစ်နာရီ ၁၀တန်ကျ ငါးအစာတောင့်စက်ရုံနှင့် ထုတ်လုပ်ထားသည့် ငါးစာများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရာ၌ စနစ်တကျ သပ်ရပ်စွာ ပြုလုပ်ထားသည့် ကုမ္ပဏီ၏ ငါးပုစွန်ထုပ်ပိုးပစ္စည်းများကိုလည်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ယုဇနကုမ္ပဏီလီမိတက် ဧည့်ခန်းမ၌ ကုမ္ပဏီဥက္ကဋ္ဌ ဦးဌေးမြင့်က ကုမ္ပဏီအနေဖြင့် ဆောက်လုပ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အအေးခန်းစက်ရုံများနှင့် ဟိုတယ်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ပဏာမရှင်းလင်းတင်ပြပြီး လှောင်အိမ်စနစ် ငါးမွေးမြူရေး စီမံကိန်း လုပ်ငန်းများအပါအဝင် ငါး၊ပုစွန်မွေးမြူထုတ်လုပ်ရေး ဆောင်ရွက်ချက်များ၊ ဝင်ငွေရရှိမှု အခြေအနေများ၊ လုပ်ငန်းအတွေ့အကြုံများကို ရှင်းလင်းတင်ပြရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ စစ်ဦးစီးအရာရှိချုပ် (ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် တာဝန်ရှိသူများက ငါးမွေးမြူသည့် လှောင်အိမ်များ တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက လှောင်အိမ်စနစ်ဖြင့် ငါးမွေးမြူခြင်းနှင့် စပ်လျဉ်း၍ တင်ပြချက်များမှာ စိတ်ဝင်စားဖွယ်နှင့် အားရကျေနပ်ဖွယ်အချက်များ ဖြစ်သည်ကို ရှင်းလင်းပြောကြားပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း တို့သည် ယုဇနကုမ္ပဏီလီမိတက်၏ ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကြသည်။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ နယ်မြေခံတပ်ရင်းသို့ သွားရောက်၍ အရာရှိ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။

ထိုအချိန်တွင် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်တက္ကသိုလ်သို့ သွားရောက်ရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်၊ ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများက ကြိုဆိုကြသည်။

ထို့နောက် ကန်သာယာခန်းမ၌ ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ကထိကနှင့်လက်ထောက်ကထိကများ၊ နည်းပြများ၊သရုပ်ပြများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံရာ ဒုတိယဝန်ကြီး ဦးမျိုးညွန့်က အမျိုးသားပညာရည်မြင့်မားရေးအတွက် အဆင့်မြင့်ပညာကဏ္ဍ၌ စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဦးချိုက ပုသိမ်တက္ကသိုလ်သည် ပုသိမ် ဥပစာကောလိပ်အဖြစ် စတင်သန္ဓေတည်ဖြစ်ပေါ်ခဲ့သည့် တက္ကသိုလ်ဖြစ်ပါကြောင်း၊ ပုသိမ် ဥပစာကောလိပ်ကို ၇-၇-၁၉၅၈ခုနှစ်တွင် ဖွင့်လှစ်ခဲ့ရာ ပုသိမ်တက္ကသိုလ်၏ သက်တမ်းသည် (၄၅)နှစ်ပြည့်မြောက်ပြီဖြစ်၍ ရွှေရတုအကြိုကာလသို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊(၄၅)နှစ်ပြည့်မြောက်သည့်နေ့တွင် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များ ပုသိမ်တက္ကသိုလ်သို့ ရောက်ရှိလာသဖြင့် မိမိတို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖြင့် ရှင်းလင်းတင်ပြပြီး တက္ကသိုလ်၏ အကျယ်အဝန်း၊ဖွင့်လှစ်ထားသောဘွဲ့ကြိုသင်တန်းများ၊ ဘွဲ့လွန်သင်တန်းများ၊ သင်ကြားပို့ချလျက်ရှိသော အထူးပြုဘာသာရပ်များ၊ဘွဲ့ကြိုဘွဲ့လွန်ပေါင်းစပ်ဘာသာရပ်များ၊ ဆရာ၊ ဆရာမနှင့် ဝန်ထမ်းအင်အား၊ကျောင်းသား၊ကျောင်းသူများ တက်ရောက်သင်ကြားလျက်ရှိသည့် အခြေအနေများ၊ ဘာသာရပ်အလိုက် ဆောင်ရွက်လျက် ရှိသည့် သုတေသနလုပ်ငန်းများ၊ နိုင်ငံတကာတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့် သုတေသန ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၊ တက္ကသိုလ်၏ တည်ဆောက်ရေးလုပ်ငန်းများ၊ကျောင်းသား၊ကျောင်းသူများ၊ ဘက်စုံဖွံ့ဖြိုးရေး လှုပ်ရှားမှု အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ ယင်းအချိန်တွင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များ ခန်းမအတွင်းသို့ ရောက်ရှိလာကြသည်။

ရှင်းလင်းမှာကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ အနာဂတ်နိုင်ငံတော်အတွက် ဖန်တီးရှင်များကို မွေးထုတ်ပေးနေသည့် ဆရာ၊ ဆရာမများနှင့် တွေ့ဆုံရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် ပညာရည်မြှင့်တင်ရေးအစီအစဉ်များကို ချမှတ်ထားပေးရာ နိုင်ငံတော်အစိုးရအနေဖြင့် ယင်းအစီစဉ်များကို လက်တွေ့အကောင်အထည်ဖော်နေပြီဖြစ်ရာ ဆရာ၊ ဆရာမများကလည်း မိမိတို့၏ မွန်မြတ်သော လုပ်ငန်းတာဝန် အပေါ် ဂုဏ်ယူ၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပုသိမ်တက္ကသိုလ်ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ညနေ ၄နာရီခွဲတွင် မော်တော်ယာဉ်များဖြင့် ပုသိမ်မြို့မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ည၇နာရီခွဲတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

ယဉ်ကျေးမှုစာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာ့ယဉ်ကျေးမှုသမိုင်းနှင့် ယဉ်ကျေးလိမ္မာ မျိုးမြန်မာ စာတမ်းဖတ်ပွဲကို ဇူလိုင် ၁၁၊ ၁၂နှင့် ၁၄ရက်တို့တွင် အမှတ်(၆၆/၇၄) ပြည်လမ်း ဒဂုံမြို့နယ် ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ စာတမ်းဖတ်ပွဲတွင် ရှေးဟောင်းယဉ်ကျေးမှု၊စာပေယဉ်ကျေးမှုနှင့် ပညာရေးနယ်ပယ်တို့မှ စာတမ်းရှင်များ ဖြစ်ကြသော ဒေါ်ရင်ရင် (စောမုံညင်း)၊ ဆင်ဖြူကျွန်း အောင်သိန်း၊ မြင်းမူ မောင်နိုင်မိုး၊ ညွန့်ဟံ(ကြူတော)၊ ဦးမြင့်ဟန်(ဥက္ကဋ္ဌ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့)၊ ဦးညွန့်ဟန် (ညွှန်ကြားရေးမှူးချုပ် ရှေးဟောင်းသုတေသနဦးစီးဌာန)၊ ဦးကျော်ဝင်း (မနုဿကျော်ဝင်း)၊ ဦးတင်ညို (ညွှန်ကြားရေးမှူးချုပ် အမှတ်(၁) အခြေခံပညာဦးစီးဌာန)၊ဦးအောင်ကြိုင် (မင်းဘူးအောင်ကြိုင်)၊ ဦးသန်းထွတ် (ပညာရေးတက္ကသိုလ်)၊ ချစ်စံဝင်း၊ ပျဉ်းမနားမောင်နီသင်း၊ မောင်တင်စိုး (သစ်ရာကောက်)နှင့် ဦးသန်းအုန်း (မောင်ဖေယျာ)တို့က စာတမ်း စုစုပေါင်း ၁၂စောင်ကို ဖတ်ကြားတင်ပြကြမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲ ပထမနေ့ ဇူလိုင် ၁၂ရက်တွင် အလှည့်ကျ သဘာပတိအဖြစ် ဦးလှကြိုင် (စာရေးဆရာကြီး ပါရဂူ)က အဖွင့်အမှာစကား ပြောကြားမည်ဖြစ်ပြီး စာတမ်းဖတ်ပွဲတတိယနေ့ ဇူလိုင် ၁၄ရက်တွင် ဒေါက်တာ ခင်မောင်ညွန့်(မြန်မာ့သမိုင်းအဖွဲ့ဝင်)က နိဂုံးချုပ်စကား ပြောကြားမည်ဖြစ်ရာ မြန်မာ့ယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုးကြသူများ၊ လေ့လာလိုသူများ၊ စာပေဝါသနာရှင်များ၊ သုတေသီများနှင့် စိတ်ပါဝင်စားသူများ မည်သူမဆို တက်ရောက်နိုင်သည်။ (သတင်းစဉ်)

တောင်ငူ ရွှေမင်းဝင်ကျောင်း ဝါဆိုသင်္ကန်းလှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၇

တောင်ငူမြို့ ရွှေမင်းဝင်နိုင်ငံတကာ ဝိပဿနာအလုပ်ပေးစခန်း ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ၁၃၆၅ခုနှစ် ဝါဆိုလပြည့်နေ့ (ဇူလိုင်၁၃ရက်) နံနက်၉နာရီတွင် ကျင်းပမည်ဖြစ်၍ ပါဝင်လှူဒါန်းလိုသူများ ဦးမြင့်ရွှေ ဖုန်း-၀၅၄-၂၁၇၀၇နှင့် ဦးတင့်လွင် ဖုန်း-၀၅၄-၂၁၅၅၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ကြိုဆိုနှုတ်ဆက်

ဇူလိုင် ၇ ရက်က တရားသူကြီးချုပ် ဦးအောင်တိုးနှင့် ဇနီးတို့ (၅၇)နှစ်မြောက် နီပေါနိုင်ငံ ဘုရင်မင်းမြတ်မွေးနေ့ အထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံ သံရုံးယာယီတာဝန်ခံ Mr. Harishchandra Ghimire **က ကြိုဆိုနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

မွေးနေ့ဆုတောင်း

ချစ်သမီးလေး ဂျေဂျေသောင်းဇော်၏ ၈-၇-၂၀၀၃ရက်နေ့တွင် ကျရောက်သည့် မွေးနေ့ရက်မှသည် နှောင်နှစ်ပေါင်းများစွာ ကျန်းမာ၊ ချမ်းသာ၊ ပျော်ရွှင်စွာဖြင့် ဘဝ၏ အောင်မြင်မှုများကို ရယူပိုင်ဆိုင်နိုင်ပါစေလို့----။

ချစ်ဖေဖေကြီး-မေမေကြီး
ချစ်မမ-ကေကေသောင်းဇော်
မဇာ၊ ထူးထူး၊ ဝိုင်းဝိုင်း၊ ဂျူးဂျူး၊ ဂျီးဂျီး၊ အုပ်စိုးခန့်။

ရေဝတီတိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားမှုများ

	ယခင်	ယခု
၁။ ဆည်တမံလုပ်ငန်း	၄-ခု	၁၁-ခု
၂။ မြစ်ရေတင်လုပ်ငန်း	--	၂၂-ခု
၃။ မော်တော်ကားလမ်း	၄၄၀ မိုင်	၁၃၂၈ မိုင်
၄။ ပေ ၁၈၀အထက် တည်ဆောက်ပြီးတံတားကြီးပေါင်း	---	၃၉ စင်း
၅။ တယ်လီဖုန်းအိတ်ချိန်း	၃၁-ခု	၇၅-ခု
၆။ ကျေးလက်ဆက်သွယ်ရေးစခန်း	၂၉-ခု	၅၃-ခု
၇။ အခြေခံပညာကျောင်းများ	၅၁၈၉	၅၉၉၇
၈။ အဆင့်မြင့် တက္ကသိုလ်/ကောလိပ်များ	၂	၉

၉။ ကျန်းမာရေး	ယခင်	ယခု
(က) ခုတင် ၂၀၀ဆံ့ဆေးရုံ	၁	၃
(ခ) ခုတင် ၅၀ ဆံ့ဆေးရုံ	-	၂

(ဂ) တိုက်နယ်ဆေးရုံ(၆)ခု
တိုင်းရင်းဆေးရုံ (၁)ခု
ကျေးလက်ကျန်းမာရေးဌာန(၁၂)ခု
ဒေသဖွံ့ဖြိုးရေးဆေးခန်း(၂)ခု တို့ကို တိုးချဲ့ဖွင့်လှစ်ပေးခဲ့သည်။

✻ ချော့တိုင်းလည်း မပျော့နဲ့

"ဆားစ်"မဝင်ရ၊ တားဆီးကြ

***ကူးစက်မြန် ပြင်းထန်လှ**
ထင်ကရ အံ့လောက်စရာ
အဆုတ်ရောင် "နမိုးနီးယား"
ဆန်းပြားရောဂါ၊
"ဆားစ်"ဟု ခေါ်တွင်စရာ
မည်သညာ ပေါ်လာထွက်
ကမ္ဘာ့ရွာ ကွယ်ကာအတွက်
နိမ်နင်းရာ စီမံလျက်
အက္ခရာ စီကာဆက်
"အက်စ်" "အေ" "အာရ်" "အက်စ်"။
***အသက်ရှူ လမ်းကြောင်းခက်**
ရုတ်တရက် ပြင်းထန်စွာ
ထိခိုက်ကာ သက်ရှူကျပ်
စွဲကပ်ဝေဒနာ၊
နောက်ဆုံးတော့ မသက်သာ
ရှားပါးစွာ ရေးကံမ
တချို့မှာ ကြမ္မာ မလှ
စွန့်ခွာဘဝ။
***ကူးစက်တာ မြန်သလောက်**
တွေးကြောက်လို့ မရှောင်သာ
နီးကပ်စွာ ပြုစုရေး
စစ်ဆေးသေချာ၊
"သူနာပြု"မခိုရှာ
"သမား"ခမျာ ကရုဏာထား
စေတနာ ပဓာနတရား
အသက်ကို ပမာမထား
အာဂ လူသား။
***ကူးစက်မြန် ရောဂါသစ်**
ဆန်းစစ်လို့ "အူရ်ဘာနီ"
အာဇာနည် ဘွဲ့ထူးဆု
ဂုဏ်ပြုထိုက်သည်၊
သက်နှင်းလို့ ရင်းရှာသည်
"ဆားစ်"အမည် ဖော်ထုတ်သွား
နှိုးဆော်ကာ ကမ္ဘာတစ်လွှား
ကူးစက်ကာ ကံ မတရား
သူ့ကိုပင် ချန်မထား
ရောဂါသစ် "ဆားစ်"။
***ပြည်မြန်မာ ဝေဆာဖြိုး**
"ဆားစ်"တိုးလို့ မဝင်သာ
ကျွမ်းကျင်ရာ "ဆရာ" "သမား"
ကြိုးစားကွယ်ကာ၊
ပညာပေး စစ်ဆေးဖွေရှာ
တပ်လှန့်ကာ အမျိုးသားရေး
နိုင်ငံတော် အလေးပေး
လက်တွဲကာ ကွယ်ကာမနေး
"ဆားစ်"ရောဂါဝေး။ ။

("ဆားစ်"ရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ကူးစက်မည့်ဘေးအန္တရာယ်ကို ပဓာနမထားဘဲ မတွန့်မရွံ့ တာဝန်ထမ်းရွက်ခဲ့ကြသည့် ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်းပါဝင်လှုပ်ရှားခဲ့ကြသည့် ပြည်သူအများအား လေးစားဂုဏ်ပြုလျက်-)

ကျော်စောဟန်

ငမိုးရိပ်ရေလှောင်တမံစီမံကိန်းပြီးစီး၍ သီးထပ်သီးနှံတိုးတက်စိုက်ပျိုးနိုင်၊ ရန်ကုန်မြို့တော် သောက်သုံးရေဖူလုံ ရွှေကိုမလို၊ ရေကိုသာလိုသည့် အညာဒေသတွင် ဆည်တာတမံများ တည်ဆောက်ပေး၍ စိုက်ပျိုးရေလုံလောက်လာ

လေ့လာပြုစုရေးသားသူ – ကျော်စိန်
ဓာတ်ပုံမှတ်တမ်းတင် – ခင်မောင်ဝင်း (ကြေးမုံ)၊ ရွှေအင်းသားခင်မောင်ဝင်း

ရန်ကုန် ဇူလိုင် ၇

(ဇူလိုင် ၆ ရက်မှအဆက်)

နိုင်ငံတော်အတွက် အဓိကအခြေခံဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများကို မြှင့်တင်စေရန် လုပ်ကိုင်ဆောင်ရွက်ရာတွင် မြေနှင့်ရေတို့သည် ပင်မလိုအပ်ချက်များဖြစ်သည့်အတွက် ရေလိုအပ်ချက်များ ပြည့်စုံစေရန် နိုင်ငံတော်အစိုးရသည် ဆည်မြောင်းတာတမံများကို ဦးစားပေး ဆောင်ရွက်နေပြီဖြစ်သည်။

၎င်းတို့မှာ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်တွင် ဧက ၅၀၀၀ အကျိုးပြုသော ကင်ပွန်းတောင်ရေလှောင်တမံကို ၁၉၉၀ပြည့်နှစ် မတ်လ ၂၉ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး မကွေးတိုင်း ဂန့်ဂေါမြို့နယ်တွင် ဧက ၅၀၀၀ အကျိုးပြုသော တောင်ခရမ်း ရေလှောင်တမံကို တည်ဆောက်ပြီး ၁၉၉၃ ခုနှစ် မေလ ၁ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။

လယ်မြေဧက ၁၂၀၀၀ ကို အကျိုးပြု၍ သီးနှံစိုက်ပျိုးရေးအတွက် မိုးမရွာသော်လည်း အောင်ရေပေးမည့် စမုံရေထိန်းတမံကို မန္တလေးတိုင်းသာစည်မြို့နယ်တွင် ၁၉၉၃ ခုနှစ် မေလ ၂၀ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။

မတောင့်တရေလွှဲဆည်

အလားတူပင် လယ်မြေဧက ၁၀၅၂၀ကို အကျိုးပြု၍ သီးထပ်သီးညှပ် စိုက်ပျိုးနိုင်သော မတောင့်တရေလွှဲဆည်ကို ပဲခူးတိုင်းပြည်မြို့နယ်၌တည်ဆောက်ပြီး ၁၉၉၅ ခုနှစ် မတ်လ ၁၆ရက်တွင်ဖွင့်လှစ်ပေးခဲ့၍ ပဲခူးတိုင်း ပေါက်ခေါင်းမြို့နယ် တွင် လယ်မြေဧက ၆၂၅၀၀ အကျိုးပြုသော တောင်နဝင်းရေလှောင်တမံကို တည်ဆောက်၍ ၁၉၉၅ခုနှစ် ဧပြီလ ၂၈ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။

တက်ရောက်ဖွင့်လှစ်

ရန်ကုန်တိုင်း အတွင်းရှိ စိုက်ပျိုးလယ်ဧကများနှင့် ရန်ကုန်မြို့အတွက် သောက်သုံးရေ ဖူလုံရေးအတွက် အထောက်အကူပြုသော ငမိုးရိပ်ရေလှောင်တမံကို ကျပ်သန်းပေါင်း ၁၀၅၀ ကျခံအသုံးပြု၍ ၁၈လဖြင့် အပြီးတည်ဆောက်ကာ ၁၉၉၅ ခုနှစ် မတ်လ ၂၆ ရက်တွင် နှစ် (၅၀)ပြည့် ရွှေရတုတပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

သောက်သုံးရေဖူလုံ

ငမိုးရိပ်ရေလှောင်တမံသည် တပ်မတော်အစိုးရလက်ထက်၌ ဖွင့်လှစ်သော ဆည်များတွင် အခု ၅၀မြောက်ဖွင့်လှစ်သော ဆည်ဖြစ်၍ ငမိုးရိပ်ဆည်မြောင်း စီမံကိန်းကြီးကြောင့် သီးထပ်သီးနှံများ ပိုမိုတိုးတက်စိုက်ပျိုးလာနိုင်ခဲ့ပြီး ရန်ကုန်မြို့တော်အတွက် သောက်သုံးရေကို ဖူလုံစေ၍ ရန်ကုန်မြို့တော်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ကိုလည်း အထောက်အကူပြုခဲ့သည်။

အလားတူပင် ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ဥက္ကံမြို့၏ အရှေ့ဘက် ၂၂မိုင်အကွာ၌ တဘူးလှ(ဥက္ကံ)ရေလှောင်တမံကို တည်ဆောက်၍ ၁၉၉၅ခုနှစ် မေလ ၂၇ရက်တွင် ဖွင့်လှစ်ခဲ့သည်။ တဘူးလှ(ဥက္ကံ) ရေလှောင်တမံကို ငွေကျပ် ၈၈၅ သန်းအကုန်အကျခံ၍ တည်ဆောက်ခဲ့သည်။ တဘူးလှ(ဥက္ကံ)ရေလှောင်တမံသည် ဥက္ကံချောင်းကိုပိတ်ဆို့တည်ဆောက်ခဲ့၍ လယ်ဧက ၅၂၀၀၀ကို အကျိုးပြုသည်။

ရွှေကိုမလို၊ ရေကိုသာလိုသည်ဟု တမ်းတနေကြသော အညာဒေသတွင်လည်း လယ်မြေဧက ၆၂၀၀ကို အကျိုးပြုသော လဲဖြူရေလှောင်တမံကို မန္တလေးတိုင်း ရမည်းသင်းမြို့နယ်တွင် တည်ဆောက်၍ ၁၉၉၆ခုနှစ် မတ်လ ၁၇ ရက်တွင် ဖွင့်လှစ်ပေးခဲ့ပြီး ပဲခူးတိုင်း နတ်တလင်းမြို့နယ်တွင် လယ်မြေဧက ငါးသောင်းအကျိုးပြုသော တောင်ညိုရေလှောင်တမံကို တည်ဆောက်၍၁၉၉၆ခု မတ်လ ၂၅ရက်နေ့၌ပင် ဖွင့်လှစ်ပေးခဲ့သည်။ **(ဆက်လက်ဖော်ပြပါမည်။)**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ခပေါင်းချောင်းနှင့် ပရိုင်းချောင်းဆုံ အောက်ဘက် ၁ ဒသမ ၂၅မိုင်ခန့်တွင် ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို ၂၀၀၀–၂၀၀၁ခုနှစ်မှ စတင်တည်ဆောက်လျက်ရှိသည်။

ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် (၁) ရေလွှဲဥမင် တည်ဆောက်ခြင်း၊ (၂) မြေသားတမံ တည်ဆောက်ခြင်း၊ (၃)ရေပိုလွှဲဆည်တည်ဆောက်ခြင်း၊ (၄)ဆည်ရေသောက်စနစ် တည်ဆောက်ခြင်း အဓိကလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

ခပေါင်းရေလှောင်တမံကို ခပေါင်းချောင်းပေါ်တွင် တည်ဆောက်လျက်ရှိပြီး ဘက်စုံစီမံကိန်းဖြစ်သည့်အလျောက် ရေအားလျှပ်စစ်ပေးရန် မြင်းခွာပုံ သံကူကွန်ကရစ် ရေလွှဲဥမင်လိုဏ်ကို တည်ဆောက်သည်။ ရေလွှဲဥမင်လိုဏ်၏အကျယ်မှာ ၁၃ ဒသမ ၁၂ ပေ (လေးမီတာ)ရှိသည်။

ရေလှောင်တမံအလျားမှာ ပေ ၉၂၀၊ ရေလှောင်တမံအမြင့်ပေ ၂၀၀ ရှိ၍ ကန်ရေပြင် ရေလှောင်ပမာဏမှာ ဧကပေ ၈၇၈၅၇၀ ရှိပြီး ကန်ရေသေ ရေလှောင်ပမာဏမှာ ဧကပေ ၈၃၀၀၀ ဖြစ်သည်။ ရေဆင်းဧရိယာ ၄၁၈ စတုရန်းမိုင်ရှိမည်ဖြစ်ပြီး ရေသောက်ဧရိယာဧက ၁၃၅၀၀၀ ရှိမည်ဖြစ်သည်။ ခပေါင်းဆည်ကို ငွေကျပ် သန်းပေါင်း ၁၉၆၀ ခန့်အကုန်အကျခံ၍ တည်ဆောက်လျက်ရှိပြီဖြစ်သည်။

(ဓာတ်ပုံမှတ်တမ်းတင်–ရွှေအင်းသားခင်မောင်ဝင်း)



ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ပဲခူးတိုင်းကျောက်တံခါးမြို့နယ် မြို့ချောင်းရွာ တောင်ဘက် ၂ဒသမ ၅ မိုင်ခန့်အကွာတွင် ၂၀၀၀–၂၀၀၁ ခုနှစ်က စတင်တည်ဆောက်လျက်ရှိသည်။

ရဲနွယ်ရေလှောင်တမံကို ရဲနွယ်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိပြီး တမံအလျား ပေ ၁၀၅၀ ရှိ၍ တမံအမြင့် ၂၅၁ ပေရှိမည်ဖြစ်သည်။ ရဲနွယ် ရေလှောင်တမံ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၁၂၁၂၆၀၀ ရှိ၍၊ ကန်ရေသေရေလှောင်ပမာဏသည် ဧကပေ ၂၃၉၃၂၀ ရှိပြီး ကန်ရေပြည့်ရေပြင်ကျယ်သည် ဧရိယာ ဧက ၂၂၅၀၀ ရှိမည်ဖြစ်သည်။

ရဲနွယ်ရေလှောင်တမံတွင် ရေအားလျှပ်စစ်ဖြန့်ဖြူးနိုင်ရန် မြင်းခွာပုံသဏ္ဌာန် သံကူကွန်ကရစ်ဖြင့် ရေလွှဲဥမင်အရွယ်အစား အချင်း ၁၃ ဒသမ ၁၂ ပေ (လေးမီတာ)ကိုဖောက်ရာ အောင်မြင်ချောမောစွာ တိုးလျှိုပေါက် ဖောက်လုပ်ပြီးပြီဖြစ်သည်။ ရေလွှဲဥမင်အလျားမှာ ပေ ၈၀၀ရှိ၍ ရေအားလျှပ်စစ် ၂၅ မဂ္ဂါဝပ် တပ်ဆင်ပြီး နှစ်စဉ်ထုတ်လုပ်မည့် ဓာတ်အားသည် နာရီသန်းပေါင်း ၁၂၅ ကီလိုဝပ်ဖြစ်သည်။

ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို သတ်မှတ်ချိန်အမီပြီးစီးရန် ဆောင်ရွက်လျက်ရှိသည်။ ပြီးစီးပါက ဧရိယာ ဧက ၁၁၈၅၀၀ ကို ဆည်ရေပေးမည် ဖြစ်သောကြောင့် သီးနှံဧရိယာဧက၂၃၇၀၀၀ အကျိုးပြုမည်ဖြစ်သည်။ ရဲနွယ်ရေလှောင်တမံကို ခန့်မှန်းကုန်ကျငွေကျပ်သန်းပေါင်း ၄၂၀၇ အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။

(ဓာတ်ပုံမှတ်တမ်းတင်–ခင်မောင်ဝင်း–ကြေးမုံ)

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ဟင်းသီးဟင်းရွက်နှင့် သားငါးမွေးမြူထုတ်လုပ်ရေးစခန်း ကြည့်ရှုစစ်ဆေး

မန္တလေး ဇူလိုင် ၂

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျင်လင်း၊ မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးမိုးနောင်၊ မန္တလေးခရိုင် ရဲတပ်ဖွဲ့မှူးနှင့် ဦးစီးအရာရှိများ လိုက်ပါ၍ ဇွန် ၃၀ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင်အနီး မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ သင်တန်းကျောင်း ဟင်းသီးဟင်းရွက်နှင့် သားငါးမွေးမြူထုတ်လုပ်ရေး စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့အား သင်တန်းကျောင်းအုပ်ကြီး ဦးအောင်မိုး၊ ပုသိမ်ကြီးမြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ရဲမြင့်နှင့် ဦးစီးအရာရှိများက ကြိုဆိုပြီး ရှင်းလင်းဆောင် အစည်းအဝေးခန်းမတွင် စီမံကိန်း အခြေအနေနှင့် လုပ်ငန်းတိုးတက်မှုကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက စိုက်ပျိုးမွေးမြူရေး စီမံကိန်းများဖြင့် ဝင်ငွေတိုးလာစေရန် ရှင်းလင်းမှာကြားသည်။

လှည့်လည်စစ်ဆေး

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နွားခြံများ၊ ငါးကန်များနှင့် ဆိတ်ခြံများကို လှည့်လည်စစ်ဆေးသည်။ **(၁၀၄)**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသစ်ပင်စိုက်ပျိုး

စေတုတ္တရာ ဇူလိုင် ၂

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၈ ရက် နံနက်က စေတုတ္တရာမြို့ အဝင်လမ်းတစ်လျှောက်၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုး ပွဲတော်တွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘုန်းမြတ်သူနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များမှ အဖွဲ့ဝင်များနှင့် ပြည်သူများက သစ်ပင် ၃၀၀၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

(မြို့နယ်ပြန်/ဆက်)

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် သစ်ပင်စိုက်ပွဲတော်ကို ဇွန် ၂၇ ရက် နံနက်က တောင်ကြီးမြို့ ဂနိုင်ရေးကျေးရွာစိုက်ကွင်းတွင် ပြုလုပ်ရာ ခါတော်မီသစ်ပင်စိုက်ပွဲတော် ထင်ရှူး၊ ချယ်ရီအပါအဝင် အရိပ်ရပျိုးပင် ၁၂၀၀၀ကို ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် ဇနီး ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနာယက ဒေါ်ဝင်းဝင်းနုတို့ ဦးဆောင်စိုက်ပျိုးကြစဉ်။ (ခရိုင်ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီနှင့် ကာတွန်းပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ ရက်က မော်လမြိုင်မြို့ မွန်ပြည်နယ် ရာမညခန်းမ၌ ကျင်းပရာ ပြည်နယ် အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး အောင်မော်မော်က ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (၃၀၇)

ညောင်ဦး မဟာစည် ဝါတွင်းဓမ္မသဘင်

ညောင်ဦး ဇူလိုင် ၁

ညောင်ဦးမြို့ မဟာစည်သာသနာ့ရိပ်သာ၏ ၁၃၆၅ခု ဝါတွင်းအပတ်စဉ်ဓမ္မသဘင်ကို ဝါဆိုလပြည့်ကျော် ၈ရက်မှစ၍ သီတင်းကျွတ် လပြည့်နေ့အထိ မဟာစည်ဓမ္မကထိက ဆရာတော်များဖြစ်ကြသည့် ဘဒ္ဒန္တ ကေသဝ (ချမ်းမြေ့ရတနာကျောင်း မန္တလေးမြို့)၊ ဘဒ္ဒန္တ နရပတိ (မဟာစည် သာသနာ့ရိပ်သာ၊ ဖြူးမြို့)၊ ဘဒ္ဒန္တ ဥတ္တရ (သန္တာအေးကျောင်း၊ မဟာစည် သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့)၊ ဘဒ္ဒန္တ ပညာစက္က (မဟာစည် သာသနာ့ရိပ်သာ၊ ဆိပ်ခွန်ရွာ၊ ရွှေဘိုမြို့)၊ ဘဒ္ဒန္တ ဝိမလ (ဝါဆိုသာသနာ့ရိပ်သာတိုက်၊ ကြို့ပင်ကောက်မြို့)၊ ဘဒ္ဒန္တ ဝိစာရ (ညောင်ကန်အေးသာသနာ့ရိပ်သာ၊ အင်းစိန်)၊ ဘဒ္ဒန္တ ဉာဏိက (ပွင့်လန်းသာသနာ့ရိပ်သာ၊ မြောက်ဥက္ကလာပ)၊ ဘဒ္ဒန္တ သာသန (ထန်းကုန်းရိပ်သာ၊ ကန့်ဘလူမြို့နယ်)၊ ဘဒ္ဒန္တ စန္ဒိမာ (ဥတ္တရာရုံသာသနာ့ရိပ်သာ၊ သက္ကလရွာ)၊ ဘဒ္ဒန္တ သုမင်္ဂလ (ခေမာဝန်ကျောင်း၊ မြတောင်တိုက်၊ မန္တလေးမြို့)၊ ဘဒ္ဒန္တ သုဇာတ (မေတ္တာအေးသာသနာ့ရိပ်သာ၊ သဃ်္ဃန်းကျွန်း)၊ ဘဒ္ဒန္တ သီဟဗလ (မဟာဝိသုတာရာမတိုက်၊ ပခုက္ကူမြို့)တို့က အလှည့်ကျ ဟောကြား ချီးမြှင့်တော်မူကြမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

မြို့နယ်သတင်းများ

စုပေါင်းစိုက်ပျိုး

နတ်မောက်မြို့ သာယာလှပရေးအတွက် မြို့တွင်းလမ်းမကြီးများတွင် ပန်းအလှပင် ၄၇၀ ကို ဇွန် ၂၈ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ စုပေါင်းစိုက်ပျိုးကြစဉ်။

(မြို့နယ်စည်ပင်)

အမျိုးသမီးရေးရာ ကော်မတီ အဖွဲ့ငယ်အလိုက် ဟောပြော

မိုးညှင်း ဇွန် ၃၀

မိုးညှင်းမြို့နယ် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းအဖွဲ့ငယ်များအလိုက် လုပ်ငန်းဆိုင်ရာများ ဟောပြောပွဲ အခမ်းအနားကို ဇွန် ၂၁ ရက် နံနက် ၈ နာရီက မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအုန်းဝင်းက ကူးစက်မြန်ပြင်းထန် နမိုးနီးယား (အဆုတ်ရောင်) ရောဂါအကြောင်းကိုလည်းကောင်း၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်နွဲ့ကြည်က အမျိုးသမီးများအားအကြမ်းဖက်ခြင်းမှ ကာကွယ်ရေး အကြောင်းကိုလည်းကောင်း၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအေးငွေက လူကုန်ကူးမှု ကြိုတင်ကာကွယ်ရေး အကြောင်းကိုလည်းကောင်း အသီးသီး ဟောပြောကြသည်။ **(၄၇၉)**

ပြင်ဦးလွင်မြို့ တိုးချဲ့ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်

ပြင်ဦးလွင် ဇွန် ၃၀

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဆင်လမ်းတမံမှရေကို ပြင်ဦးလွင်မြို့သို့ တိုးချဲ့ရေပေးဝေရေး လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ဇွန် ၂၃ ရက်က မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှသည် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဆင်လမ်းရေလှောင်တမံမှ ရေပိုက်လိုင်းများ ဆက်သွယ်နေမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးသည်။ **(အပေါ်ပုံ)**

လုပ်ငန်းဆောင်ရွက်ပြီးစီးပါက ဆင်လမ်းတမံမှ နေ့စဉ်ရေဂါလန် ၂၅ သိန်းကို ပြင်ဦးလွင်မြို့သို့ ပေးဝေနိုင်မည်ဖြစ်သည်။ **(၄၂၁)**



အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ ပညာပေးဟောပြောပွဲနှင့် ဆုပေးပွဲကို ဇွန် ၂၆ ရက်က မော်လမြိုင်ကျွန်းမြို့နယ် ခန်းမတွင် ကျင်းပရာ အထက်တန်းနှင့် အလယ်တန်းဆင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား မြို့နယ်ဥက္ကဋ္ဌ ဦးမြဟန်က ဆုချီးမြှင့်စဉ်။ (၃၆၄)

ဆန်စက်လုပ်ငန်းရှင်အသင်း ပေါင်းတည်မြို့နယ်၌ဖွဲ့စည်း

ပေါင်းတည် ဇူလိုင် ၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ဆန်စက်လုပ်ငန်းရှင်များအသင်း၏ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ဇွန် ၂၉ ရက် နံနက် ၉ နာရီတွင် မြို့နယ်နဝရတ်ခန်းမ၌ ကျင်းပသည်။ အစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်သက်က အမှာစကားပြောကြားသည်။

ထို့နောက် ဆန်စက်လုပ်ငန်းရှင်များအသင်းအမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ဖွဲ့စည်းရာ ဥက္ကဋ္ဌဦးလှသိန်းထွန်းနှင့် ဒုဥက္ကဋ္ဌနှစ်ဦး၊ အတွင်းရေးမှူးနှစ်ဦးပါဝင်သည့် အမှုဆောင် ၁၁ ဦးကို ရွေးချယ်ပြီး အမှုဆောင်သစ်ဥက္ကဋ္ဌ ဦးလှသိန်းထွန်းက ကျေးဇူးတင်စကားပြောကြားသည်။ **(၃၉၆)**

အရှင်ကောသဝ (ပျော်ဘွယ်) ဝါတွင်းတရားစခန်းပွဲ

ရန်ကုန် ဇူလိုင် ၇

ကယားပြည်နယ် လွိုင်ကော်မြို့ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ (၈၁) ၌ ဝါဆိုလပြည့်ကျော် ၉ ရက်မှ ၁၅ ရက်ထိ၊ ဝါခေါင်လပြည့်ကျော် ၉ရက်မှ တော်သလင်းလဆန်း ၁ ရက်နေ့ထိ၊ တော်သလင်းလပြည့်ကျော် ၉ ရက်မှ ၁၅ ရက်ထိ ခုနစ်ရက်တရားစခန်းပွဲများကို ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်ကောသဝ (ပျော်ဘွယ်)က ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါး မြတ်တရားကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

စလေနယ်သူ၊နယ်သားများ(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၇

စလေနယ်သူ၊ နယ်သားများ(ရန်ကုန်)၏ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီမှ ၁၁နာရီအထိ တောင်ဥက္ကလာပမြို့နယ် ကျောင်းဝိုင်းအမှတ်(၅) ကန်ဦးကျောင်းတိုက် စလေသီဂိကျောင်း၌ ကျင်းပမည်ဖြစ်သည်။ စေတနာရှင်များသည် ဒေါ်ပြုံး ဖုန်း-၆၆၁၂၂၀နှင့် ဦးစောလွင် (ဘုရင့်နောင်ဈေး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြတ်ဆရာတော် ဘဒ္ဒန္တ ဝိသုတ၏ ဝိပဿနာစာအုပ်များ ပူဇော်နိုင်

ရန်ကုန် ဇူလိုင် ၇

မိုးကုတ်ယောဂီတိုင်း လေ့လာသင့်သော မြတ်ဆရာတော်၏ ပဋိစ္စသမုပ္ပါဒ်သင်တန်းကို ကျပ် ၃၅၀၊ ဓမ္မကထိကသင်တန်းစာအုပ်ကို ကျပ် ၃၅၀ နှင့် သစ္စာလေးပါး တရားတော်များ စာအုပ်ကို ဦးစံကြည်နှင့် သားသမီးများ ပညာဂုဏ်ရည်ပုံနှိပ်တိုက်နှင့်စာပေတိုက် ၄၅၅၊ ကောလိယလမ်း၊ တောင်ဥက္ကလာပနှင့် ပညာအလင်းပြစာပေ ၄၈ လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ စာပေလောက(၂) စာအုပ်ဆိုင်များ၊ ပညာမဏ္ဍူစာပေ ရွှေတိဂုံတောင်ဘက်မုခ်၊ မန္တလေးထွန်းဦးစာပေ၊ နဂါးစာပေ၊ မြညွန့်ဆွေစာပေတို့က ဖြန့်ချိသည်။

ရင်ခွင်သစ် ရှာသူများနှင့် အအေးမြဆုံးရင်ခွင်ကို မေးစက်လိုသူတိုင်းအတွက် ရွှေတောင်ဦးတောင်တောရ ဆရာတော်၏ ဘယ်ရင်ခွင်မှာ မေးစက်မှာလဲ စာအုပ်ကို တန်ဖိုးကျပ် ၇၀၀ ဖြင့် ဝါမဝင်မီ ဖြန့်ချိမည်ဟု သိရသည်။ (က-ပ)

ဇူလိုင် ၃ ရက်က ကမာရွတ်မြို့နယ် အမျိုးသမီးရေးရာကော်မတီမှ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲကို အမှတ်(၁)ရပ်ကွက် အောင်မြေသာစည်အိမ်ရာ ပတ်ဝန်းကျင်၌ ကျင်းပရာ မြို့နယ်အမျိုးသမီးရေးရာ ကော်မတီဝင် ဒေါ်ခြွေခြွေဝင်းနှင့်အဖွဲ့ စုပေါင်းသစ်ပင်စိုက်ပျိုးကြစဉ်။ (က-ပ)

သန်လျင်အထက(၁) ရွှေရတုသဘင် အလှူငွေပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၇

သန်လျင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၉ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်လျက်ရှိသည်။

ရပ်ဝေးရပ်နီးမှ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အလှူငွေများကို ဒေါ်ခင်မာချို ကျောင်းအုပ်ကြီး အထက(၁)သန်လျင်၊ ဖုန်း-၀၅၆-၂၁၁၄၁၊ အိမ်ဖုန်း-၀၁-၅၃၉၄၃၃-၁၂၈၊ ဦးကျော်ဝင်း(ဒု-ဥက္ကဋ္ဌ၊ ရွှေရတုကျင်းပရေး) ဖုန်း-၀၅၆-၂၁၁၆၉၊ ဒေါ်ခင်မြင့်မြင့်(သန်လျင်) ဖုန်း-၀၅၆-၂၁၂၁၂၊ ဦးကြည်မင်း (အတွင်းရေးမှူး-ဘဏ္ဍာရေးဆပ်ကော်မတီ)ဖုန်း-၀၉၈၀၂၄၂၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ပထမအကြိမ်အလှူငွေ ပေးအပ်ပွဲကို လာမည့် ဇူလိုင် ၂၇ရက် မွန်းတည့်၁၂နာရီတွင် အထက(၁)သန်လျင် ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ အလှူရှင်များ၊ ကျောင်းသူ၊ ကျောင်းသားဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားနိုးဆော်အပ်ပါသည်။ (က-ပ)

သာမဏေကျော် ပရိယတ္တိစာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၇

